# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**လွန်စွာကပ်ငြိသည့်စိတ်**

ပန်းတို့ကို ကောင်းနိုးရာရာ ဆွတ်ခူးသောသူကဲ့သို့ ကာမဂုဏ်တို့ကို မရသေးသည်ကို တောင့်တ၊ ရပြီးသည်ကို တွယ်တာ၊ လွန်စွာကပ်ငြိသည့် စိတ်ရှိသောသူကို ကြီးစွာသော ရေအလျဉ်သည် အိပ်ပျော်နေသောရွာကို လွှမ်းမိုးတိုက်ယူသွားသကဲ့သို့ သေမင်းသည် သိမ်းယူ၍ သွား၏။

ပုပ္ဖဝဂ်(ဓမ္မပဒ–၄၇)


၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက် | ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၉ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၃)၊ အမှတ်(၁၅၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ရှမ်းပြည်နယ်အတွင်းရှိ မိုးမိတ်မြို့နယ်၊ မဘိမ်းမြို့နယ်များ၏ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး (Martial Law) အာဏာကိုကျင့်သုံး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ် ၁/ ၂၀၂၄**

၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်

( ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တိုင်းမှူးအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေဖြစ်သည့် ရှမ်းပြည်နယ်အတွင်းရှိ အောက်ပါမြို့နယ်များ၏ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး (Martial Law) အာဏာကိုကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ အပ်နှင်းလိုက်သည်–

(က) မိုးမိတ်မြို့နယ်

(ခ) မဘိမ်းမြို့နယ်

*စာမျက်နှာ ၃ ကော်လံ ၁* ❑

## မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ် ပင်လယ်ပြင်လက်တွေ့လေ့ကျင့်ခန်း အောင်မြင်စွာဆောင်ရွက်ပြီးစီး

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) တို့၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်တွင် ၂၀၂၃ – ၂၀၂၄ ပညာသင်နှစ်၌ တက်ရောက်ပညာသင်ကြားနေသော အရာရှိလောင်းများသည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၈ ရက်အထိ တပ်မတော်(ရေ)မှ စစ်ရေယာဉ်(ချင်းတွင်း)ဖြင့် ရန်ကုန်–ကိုကိုးကျွန်း–ဟိုင်းကြီးကျွန်း – ရန်ကုန် ပင်လယ်ပြင်လက်တွေ့လေ့ကျင့်ခန်းခရီးစဉ် (Sea Training) ဆောင်ရွက်ခဲ့ကြသည်။ **(ယာပုံ)**

မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်မှ အုပ်ချုပ်သူများနှင့် အရာရှိလောင်းများသည် ဖေဖော်ဝါရီ ၂၃ ရက် ညနေပိုင်းတွင် သီလဝါဆိပ်ကမ်းမှ စတင်ထွက်ခွာခဲ့ပြီး ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲပိုင်းတွင် ကိုကိုးကျွန်းသို့ရောက်ရှိရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ အမှတ် (၃) စစ်ဗျူဟာမှူး၊ အမှတ်(၂၈) ရေတပ်အခြေစိုက် စခန်းမှူး၊ ကိုကိုးကျွန်းမြို့နယ်မှ ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ရပ်မိရပ်ဖများက နွေးထွေးစွာ ကြိုဆိုကြပြီး မြို့နယ်ခန်းမ၌ ကိုကိုးကျွန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❍





**ယနေ့ ဖတ်စရာ**

**ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံး၏ ထပ်ဆင့်ထောက်ခံချက်များ လျှောက်ထားလိုပါက တစ်ပတ်နှစ်ရက်သတ်မှတ်ထားကာ ကိုယ်တိုင်လာလျှောက်ရမည်** — ပြည်တွင်းသတင်း စာ ၄

**ရန်ကုန်တွင် EV သုံးဘီးယာဉ်များ ရောင်းချရန် စီစဉ်နေရာ လူစိတ်ဝင်စားမှု မြင့်တက်လျက်ရှိ** — ပြည်တွင်းသတင်း စာ ၅

**အပြည်ပြည်ဆိုင်ရာ ဘီးတပ်ကုလားထိုင်နေ့ အထိမ်းအမှတ် အသိပညာပေးဆောင်းပါး** — ဆောင်းပါး စာ ၆

**သီးနှံအထွက်တိုး ဓနဖြိုးကြွယ် လယ်ယာကဏ္ဍ တိုးတက်စေမယ်** — ဆောင်းပါး စာ ၁၆

❑ *ရှေ့ဖုံးမှ*

၂။ တိုင်းမှူးသည် အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲဖြစ်ပေါ်လျက်ရှိသော အခြေအနေ အရပ်ရပ်အပေါ်မူတည်၍ မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများကို တာဝန်လွှဲအပ်၍လည်းကောင်း စစ်အုပ်ချုပ်ရေး(Martial Law) အာဏာကို ကျင့်သုံးနိုင်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
## စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ် ၂ / ၂၀၂၄

၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်
( ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်၊ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်စွဲပါ စစ်အုပ်ချုပ်ရေး(Martial Law) အမိန့်အမှတ် ၁/၂၀၂၄ ဖြင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးအား စစ်အုပ်ချုပ်ရေးကြေညာထားသည့် မိုးမိတ်မြို့နယ်နှင့် မဘိမ်းမြို့နယ်များအတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာစစ်အုပ်ချုပ်ရေး (Martial Law) အာဏာကို ကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အပ်နှင်းခဲ့ပါသည်။

၂။ စစ်အုပ်ချုပ်ရေးဒေသအတွင်းရှိ ဒေသအာဏာပိုင် အဖွဲ့အစည်းအဆင့်ဆင့်တို့သည် ယင်းတို့နှင့် သက်ဆိုင်သည့် လုပ်ငန်းတာဝန်များကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးကွပ်ကဲမှုအရ ဆောင်ရွက်ရမည်။

၃။ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးသည် စစ်အုပ်ချုပ်ရေးဒေသအတွင်း စစ်နယ်မြေများ သတ်မှတ်၍ စစ်နယ်မြေမှူးများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ပြီး ခန့်ထားနိုင်သည်။

၄။ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးသည် စစ်အုပ်ချုပ်ရေးဒေသအတွင်း မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများဖြင့်သော်လည်းကောင်း၊ မိမိတာဝန်လွှဲအပ်သော ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့ဖြင့်သော်လည်းကောင်း အောက်ပါကိစ္စများကို ပြီးမြောက်အောင်ဆောင်ရွက်ရမည်-

(က) **အုပ်ချုပ်ရေး**
(၁) လုံခြုံရေးကိစ္စရပ်များ၊
(၂) လူမှုရေးကိစ္စရပ်များ၊
(၃) ကုန်သွယ်ရေးကိစ္စရပ်များ၊
(၄) သယ်ယူပို့ဆောင်ရေးကိစ္စရပ်များ။

(ခ) **တရားစီရင်ရေး**
(၁) **တရားရုံးများဖွဲ့စည်းခြင်း။** မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးသည် စစ်အုပ်ချုပ်ရေးကာလအတွင်း ပြစ်မှုဆိုင်ရာမှုခင်းများကို တည်ဆဲဥပဒေအရ ဖွဲ့စည်းထားသော တရားရုံးများဖြင့်ဖြစ်စေ၊ စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ပြီး ဖွဲ့စည်းသည့်စစ်ခုံရုံးများဖြင့်ဖြစ်စေ စစ်ဆေးစီရင်နိုင်သည်။
(၂) **စစ်ခုံရုံးဖြင့်စစ်ဆေးခြင်း။** စစ်ခုံရုံးများသည် ပြစ်မှုဆိုင်ရာမှုခင်းများကို အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်နိုင်သည်။
(၃) **ပြစ်ဒဏ်ချမှတ်ခြင်း။** နောက်ဆက်တွဲဇယား(က)ပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်သူ တစ်ဦးအား စစ်ခုံရုံးကပြစ်မှုထင်ရှားစီရင်ပါက တည်ဆဲဥပဒေများနှင့်အညီ အောက်ပါ ပြစ်ဒဏ်တစ်မျိုးမျိုးကို ချမှတ်ရမည်-
(ကက) သေဒဏ်၊
(ခခ) နှစ်အကန့်အသတ်မရှိ အလုပ်နှင့်ထောင်ဒဏ်၊
(ဂဂ) သက်ဆိုင်ရာပြစ်မှုအလိုက် သတ်မှတ်ထားသော အမြင့်ဆုံးပြစ်ဒဏ်။
(၄) **အတည်ပြုခြင်း။** စစ်ခုံရုံးများက ချမှတ်သောဆုံးဖြတ်ချက်များနှင့် စီရင်ချက်များသည် အပြီးအပြတ်ဖြစ်စေရမည်။ သို့ရာတွင် သေဒဏ်စီရင်ပါက ထိုသို့ စီရင်ခြင်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အတည်ပြုချက်ရရှိမှသာ အတည်ဖြစ်သည်။ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်စီရင်ပါက ထိုသို့စီရင်ခြင်းသည် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ အတည်ပြုချက်ရရှိမှသာ အတည်ဖြစ်သည်။ အတည်ပြုခြင်းနှင့် ပတ်သက်သည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-
(ကက) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်း၊
(ခခ) ပြစ်ဒဏ်ကို လျှော့ပေါ့စေခြင်း၊
(ဂဂ) ပြစ်ဒဏ်ကိုပို၍နိမ့်သော ပြစ်ဒဏ်အမျိုးအစားသို့လျှော့ပေါ့ ပြောင်းလဲခြင်း၊
(ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကိုအတည်ပြုခြင်း။
(၅) **အယူခံခြင်း။** စစ်ခုံရုံးများက ချမှတ်သောဆုံးဖြတ်ချက်၊ ပြစ်ဒဏ်ချမှတ်ချက်များနှင့်စပ်လျဉ်း၍ အယူခံပိုင်ခွင့်မရှိစေရ။
(၆) **ပြင်ဆင်မှုလျှောက်ထားခြင်း။** စစ်ခုံရုံးများက သေဒဏ်စီရင်ပါက ပြစ်ဒဏ်ချမှတ်ခြင်း ခံရသည့်နေ့မှ (၁၅) ရက်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံသို့ လည်းကောင်း၊ အခြားပြစ်ဒဏ်ချမှတ်ခြင်းခံရပါက ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့် နေ့မှ (၁၅) ရက်အတွင်း မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးထံသို့ လည်းကောင်း ပြင်ဆင်မှုလျှောက်ထားနိုင်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးသည် မိမိသဘောအလျောက်လည်း ပြင်ဆင်မှု ဖွင့်၍ ဆောင်ရွက်နိုင်သည်။ ပြင်ဆင်မှုစီရင်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-
(ကက) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်း၊
(ခခ) ပြစ်ဒဏ်ကို လျှော့ပေါ့စေခြင်း၊
(ဂဂ) ပြစ်ဒဏ်ကို ပို၍နိမ့်သောပြစ်ဒဏ်အမျိုးအစားသို့ လျှော့ပေါ့ပြောင်းလဲခြင်း၊
(ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကို အတည်ပြုခြင်း။
(၇) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးက မိမိသဘောအလျောက် ပြင်ဆင်မှုဖွင့်၍ ဆောင်ရွက်သည့်ကိစ္စတွင် အထက်အပိုဒ်ငယ် (၆) တွင်ပါရှိသော လုပ်ပိုင်ခွင့်များအပြင် ပြစ်ဒဏ်ကိုတိုးမြှင့် နိုင်သည်။

၅။ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးသည် မိမိ၏တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် စစ်အုပ်ချုပ်ရေးအကြံပေးအဖွဲ့ကို ဖွဲ့စည်းနိုင်သည်။

၆။ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးသည် စစ်အုပ်ချုပ်ရေးဒေသအတွင်း ဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံသို့ အစီရင်ခံရမည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**နောက်ဆက်တွဲဇယား(က)**

**စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုများ**

၁။ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု(ရာဇသတ်ကြီးပုဒ်မ ၁၂၂)၊
၂။ အစိုးရကို အကြည်ညိုပျက်အောင်ပြုလုပ်မှု(ရာဇသတ်ကြီးပုဒ်မ ၁၂၄-က)၊
၃။ တပ်မတော် သို့မဟုတ် တရားဥပဒေစိုးမိုးရေးအဖွဲ့၏ ဆောင်ရွက်မှုကို နှောင့်နှေးစေခြင်း သို့မဟုတ် ပျက်ပြားစေခြင်း(ရာဇသတ်ကြီးပုဒ်မ ၁၂၄-ဂ)၊
၄။ တပ်မတော်သားများ သို့မဟုတ် အစိုးရအမှုထမ်းများကို ဟန့်တားခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း(ရာဇသတ်ကြီးပုဒ်မ ၁၂၄-ဃ)၊
၅။ ရာဇသတ်ကြီးပုဒ်မ ၅၀၅၊
၆။ အစိုးရဝန်ထမ်းတစ်ဦးအား ပြစ်မှုကျူးလွန်စေရန်တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိတ်လန့်စေခြင်း၊ သွေးထိုးလှုံ့ဆော်ခြင်း၊ မမှန်သတင်းများဖြန့်ခြင်း (ရာဇသတ်ကြီးပုဒ်မ ၅၀၅-က)၊
၇။ မတရားအသင်းအက်ဥပဒေအရပြစ်မှုများ၊
၈။ လက်နက်အက်ဥပဒေအရပြစ်မှုများ၊
၉။ လူသတ်မှု၊
၁၀။ လူသေမှု၊
၁၁။ မုဒိမ်းမှု၊
၁၂။ လုယက်မှု၊
၁၃။ ဓားပြမှု၊
၁၄။ အဂတိလိုက်စားမှု၊
၁၅။ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ ပြစ်မှုများ၊
၁၆။ ပြည်သူ့ပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေအရ ပြစ်မှုများ၊
၁၇။ ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်းများ ကာကွယ်စောင့်ရှောက်ရေး ဥပဒေအရပြစ်မှုများ၊
၁၈။ သတင်းမီဒီယာဥပဒေအရ ပြစ်မှုများ၊
၁၉။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ပြစ်မှုများ၊
၂၀။ ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေအရ ပြစ်မှုများ။
၂၁။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေအရပြစ်မှုများ၊
၂၂။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေအရပြစ်မှုများ၊
၂၃။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရပြစ်မှုများ၊

## ဘားအံမြို့နယ် သမဝါယမအသင်းစု(လီမိတက်)၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**ဘားအံ ဖေဖော်ဝါရီ ၂၈**

ကရင်ပြည်နယ် ဘားအံမြို့နယ်သမဝါယမအသင်းစု (လီမိတက်)၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယနေ့ နံနက်က ပြည်နယ်သမဝါယမဦးစီးဌာန၌ ကျင်းပရာ ပြည်နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး၊ တာဝန်ရှိသူများ၊ ပြည်နယ်သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့များ၊ အသင်းဝင် ကိုယ်စားလှယ် ၅၀ တက်ရောက်သည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌက အသင်း၏ လုပ်ငန်းဆိုင်ရာများ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဦးစီးမှူးက အမှာစကား ပြောကြားသည်။ ထို့နောက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် မြို့နယ်သမဝါယမအသင်းစု ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာ၊ နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများနှင့် အသင်းစာရင်းစစ်အစီရင်ခံစာများကို တာဝန်ရှိသူများက ဖတ်ကြားပြီး အတည်ပြုချက်ရယူကြောင်း သိရသည်။ **သတင်းစဉ်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Mr. Marcoluigi Corsi ကို လက်ခံတွေ့ဆုံ

# လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပေးရေးကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း သည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Mr. Marcoluigi Corsi ကို ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



**အမြင်ချင်းဖလှယ် ဆွေးနွေး**

တွေ့ဆုံစဉ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးကိစ္စရပ်များ၊ တပ်မတော်အတွင်း အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးအတွက် Country Task Force on Monitoring and Reporting – CTFMR နှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

❍ *ရှေ့ဖုံးမှ*

ထို့နောက် အဆိုပါအဖွဲ့သည် ကိုကိုးကျွန်း ကမ်းခြေတစ်ဝိုက်ရှိ ဂျပန်ခေတ် ခံကတုတ် ဘန်ကာများနှင့် မြို့နယ်ပတ်ဝန်းကျင်ကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းတွင် ဟိုင်းကြီးကျွန်းသို့ရောက်ရှိရာ ပမ္မဝတီရေတပ်စခန်း ဌာနချုပ်ခန်းမ၌ ဌာနချုပ်မှူးက ဟိုင်းကြီးကျွန်း ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြား၍ မွန်းလွဲပိုင်းတွင် အုပ်ချုပ်သူ၊ နည်းပြများနှင့် အရာရှိလောင်းများသည် စစ်သူကြီးမင်းရဲကောင်းပုံ၏ သမိုင်းဝင်နေရာ၊ ကပ္ပလီရွာကမ်းခြေအလှနှင့် မော်တင်စွန်းဘုရားသို့ သွားရောက်လေ့လာဖူးမြော်ခဲ့ကြကာ ညနေပိုင်းတွင် ပမ္မဝတီ ရေတပ်စခန်းဌာနချုပ်မှူးက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ကြသည်။

ဖေဖော်ဝါရီ ၂၇ ရက် နံနက်ပိုင်းတွင် မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်မှ အရာရှိလောင်းများသည် စစ်ရေယာဉ် (ချင်းတွင်း) ပေါ်တွင် Life Boat, Anchor များနှင့် သက်ဆိုင်သော လေ့လာမှုများ၊ အင်ဂျင်ဆိုင်ရာ လေ့လာသင်ကြားမှုများ ဆောင်ရွက်ပြီး ဖေဖော်ဝါရီ ၂၈ ရက် မွန်းလွဲပိုင်းတွင် သီလဝါဆိပ်ခံတံတားသို့ ပြန်လည်ရောက်ရှိရာ မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်း ကောလိပ်မှ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများက ကြိုဆိုခဲ့ကြသည်။

အဆိုပါ ခရီးစဉ်တွင် မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်မှ တာဝန်ခံရေကြောင်း ဌာနမှူး ကပ္ပတိန် ဦးကျော်ကျော်ဝင်း ဦးဆောင်ပြီး ရေကြောင်းပညာအထူးပြုဘာသာရပ် (Nautical Science)မှ ပထမနှစ် အရာရှိလောင်း ၁၂၁ ဦး၊ ဒုတိယနှစ် အရာရှိလောင်း ၉၀၊ ရေကြောင်း အင်ဂျင်နီယာ အထူးပြုဘာသာရပ် (Meritime Technology) မှ ပထမနှစ် အရာရှိလောင်း ၁၂၃ ဦး၊ ဒုတိယနှစ် အရာရှိလောင်း ၈၀၊ ရေကြောင်းလျှပ်စစ်နည်းပညာ အထူးပြု ဘာသာရပ်(Marine Electrical Technology)မှ ပထမနှစ် အရာရှိလောင်း ၃၈ ဦး၊ ဒုတိယနှစ် အရာရှိလောင်း ကိုးဦး၊ စုစုပေါင်း ၄၆၁ ဦးနှင့် အုပ်ချုပ်သူ၊ နည်းပြများ ၂၀ လိုက်ပါဆောင်ရွက်ခဲ့ကြသည်။

**သင်ကြားလေ့ကျင့်နိုင်ခဲ့**

မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ် အရာရှိလောင်းများအနေဖြင့် ပင်လယ်ပြင်လက်တွေ့လေ့ကျင့်ခန်း (Sea Training) တွင် ပင်လယ်ပြင်နေ့စဉ်လုပ်ဆောင်မှု (Daily Sea Routine Work)၊ ရေယာဉ်ကိုင်တွယ်ထိန်းသိမ်းရေးဘာသာရပ် (Ship Handling) ၊ ကမ်းရိုးတန်းသွားလာမှု (Coastal Navigation) ၊ ပင်မအင်ဂျင်များ၊ မီးစက်များ၊ ပန့်၊ မော်တာများ၊ အီလက်ထရွန်နစ်ပစ္စည်းများကို လက်တွေ့ကိုင်တွယ် မောင်းနှင်ခြင်းများနှင့် အရေးပေါ်မီးသတ်လေ့ကျင့်ခန်းများအပါအဝင် သင်ကြားလေ့ကျင့်နိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

## ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံး၏ ထပ်ဆင့်ထောက်ခံချက်များ လျှောက်ထားလိုပါက တစ်ပတ်နှစ်ရက်သတ်မှတ်ထားကာ ကိုယ်တိုင်လာလျှောက်ရမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

ကိုရီးယားသမ္မတနိုင်ငံ ဆိုင်ရာ မြန်မာသံရုံး၏ ထပ်ဆင့်ထောက်ခံချက်များ လျှောက်ထားလိုပါက တစ်ပတ်နှစ်ရက် သတ်မှတ်ထားကာ လူကိုယ်တိုင် လာရောက်လျှောက်ထားရမည် ဖြစ်ကြောင်း သံရုံးက ဖေဖော်ဝါရီ ၂၇ ရက်တွင် အသိပေးထားသည်။

ကိုရီးယားသမ္မတ နိုင်ငံ၌ ရောက်ရှိနေထိုင်၊ အလုပ်လုပ်ကိုင်လျက်ရှိကြသော မြန်မာနိုင်ငံသားများအနေဖြင့် မြန်မာနိုင်ငံမှ စာရွက်စာတမ်း အထောက်အထားများအား မြန်မာသံရုံး ဆိုးလ်မြို့၌ ထပ်ဆင့်ထောက်ခံချက်များ လျှောက်ထားလိုပါက နိုတြီမူရင်း၊ နိုတြီပြန်ထားသည့် စာရွက်မူရင်း / မိတ္တူ (ဥပမာ- ဆယ်တန်းအောင် လက်မှတ်မိတ္တူ)၊ နိုင်ငံကူးလက်မှတ်မိတ္တူ၊ ID Card မိတ္တူတင်ပြ၍ အင်္ဂါနေ့နှင့် ကြာသပတေးနေ့ မွန်းလွဲ ၂ နာရီမှ ၄ နာရီအတွင်း လူကိုယ်တိုင် လာရောက်လျှောက်ထားရမည်ဖြစ်ကြောင်း အသိပေးထားသည်။ သံရုံးမှ ရက်ချိန်းပေးသည့်နေ့ရက်တွင် လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားဖြစ်စေ လာရောက် ထုတ်ယူရမည်ဖြစ်ကြောင်း သိရသည်။

ကိုယ်စား ထုတ်ယူမည်ဆိုပါက ကိုယ်စားလှယ်လွှဲစာဖြင့် သတ်မှတ်ရက်အတွင်း လာရောက် ထုတ်ယူရန်လည်း သံရုံးမှ အသိပေးကြေညာထားသည်။

ကိုရီးယားသမ္မတ နိုင်ငံသို့ အစိုးရပြည်ပ အလုပ်အကိုင်အေဂျင်စီ (POEA) မှတစ်ဆင့် EPS စနစ်ဖြင့် မြန်မာလုပ်သားများ စေလွှတ်လျက်ရှိကာ အဆိုပါနိုင်ငံသို့ မြန်မာလုပ်သားများ သွားရောက် အလုပ်လုပ်ကိုင်ရန် စိတ်ဝင်စားမှုလည်း များပြားသည်။

ယခုနှစ်တွင် ကျင်းပမည့် သတ္တမအကြိမ်မြောက် အမှတ်ပေးစနစ်ဖြင့် အလုပ်ခန့်ထားမည့်စနစ်ဖြင့် (၁၆) ကြိမ်မြောက် ကိုရီးယားဘာသာ အရည်အချင်းစစ်စာမေးပွဲတွင် မြန်မာနိုင်ငံမှ လုပ်သားများကို ကိုရီးယားသမ္မတနိုင်ငံရှိ ဝန်ဆောင်မှုလုပ်ငန်းအတွက် တိုးချဲ့ခေါ်ယူသွားမည်ဖြစ်ပြီး အဆိုပါလုပ်ငန်းအတွက် ပထမဆုံးအကြိမ်အဖြစ် ကျား/မ မရွေး ဝင်ရောက်ဖြေဆိုခွင့် ရရှိမည်ဖြစ်ကြောင်း သိရသည်။

**MT**

---

## ကသာမြို့၌ ဒေသခံပြည်သူများအား စားအုန်းဆီများ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချ

**ကသာ ဖေဖော်ဝါရီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကုန်ဈေးနှုန်းတည်ငြိမ်ရေးလုပ်ငန်းအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကသာမြို့တွင် ဒေသခံပြည်သူများအား စားအုန်းဆီကို ပြင်ပပေါက်ဈေးထက် ဈေးနှုန်းချိုသာစွာ ဝယ်ယူစားသုံးနိုင်ရန်အတွက် ယနေ့နံနက် ၈ နာရီက မြို့တော်ခန်းမ၌ ရောင်းချပေးကြောင်း သိရသည်။ **(အောက်ပုံ)**



အဆိုပါ စားအုန်းဆီများ ရောင်းချပေးရာတွင် လူတစ်ဦးလျှင် စားအုန်းဆီ တစ်ပိဿာကို ငွေကျပ် ၆၈၀၀ နှုန်းဖြင့် ဒေသခံပြည်သူများအား လက်ဝယ်အရောက် ရောင်းချပေးခဲ့သည်။ စားအုန်းဆီ ရောင်းချပေးနေမှုကို ခရိုင် ကုန်ဈေးနှုန်းတည်ငြိမ်ရေးလုပ်ငန်းအဖွဲ့ခေတ္တဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရဲဝင်းလွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထက်ဝင်းနှင့် အဖွဲ့ဝင်များက ကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။

တန်ဖိုးသင့် စားအုန်းဆီ ရောင်းချပေးခြင်းကို ကသာခရိုင်ကုန်ဈေးနှုန်း တည်ငြိမ်ရေးလုပ်ငန်းအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်ကုန်ဈေးနှုန်းတည်ငြိမ်ရေးလုပ်ငန်းအဖွဲ့နှင့် မြို့နယ်ကုန်သည်ကြီးများအသင်းက ယနေ့တွင် လူဦးရေ ၁၁၀၀ အား ရောင်းချပေးခဲ့ကြောင်းနှင့် စားအုန်းဆီများ အပတ်စဉ်ရောင်းချပေးလျက်ရှိရာ ကသာမြို့နယ်အတွင်းရှိ ဝန်ထမ်းများအား အကြိမ် ၁၅၊ ဒေသခံပြည်သူများအား အကြိမ်၂၀၊ နိုင်ငံ့ဝန်ထမ်း ပင်စင်စားများအား တစ်ကြိမ်၊ မြို့ပေါ်ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ သုံးကြိမ် စုစုပေါင်း ၃၉ ကြိမ် ရောင်းချပေးခဲ့ပြီး ဖြစ်ကြောင်း ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ သိရသည်။ **လူအောင်(ကသာ)**

---

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး နှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ သံအမတ်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ သံတမန်ရေးရာဦးစီးဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာနနှင့် စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် သံအမတ်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ သံတမန်ရေးရာဦးစီးဌာန၊ ကောင်စစ်ရေးရာနှင့်ဥပဒေရေးရာဦးစီးဌာနနှင့် စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းနှင့် ယနေ့မွန်လွဲပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန လောကနတ်ခန်းမ၌ တွေ့ဆုံ၍ အမှာစကားပြောကြားသည်။ **(ယာပုံ)**

**ပျော်ရွှင်အောင်မြင်သည့်လုပ်ငန်းခွင်ကို ဖန်တီး**

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ယနေ့ကျင်းပသည့် တွေ့ဆုံဆွေးနွေးပွဲသည် ဒုတိယအကြိမ်အဖြစ် တွေ့ဆုံခြင်းဖြစ်ကြောင်း၊ ကြုံတွေ့ကြရသည့် အခက်အခဲနှင့် အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်းတင်ပြစေလိုကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည် တာဝန်ကျေပွန်မှု၊ စွမ်းဆောင်ရည်ထက်မြက်မှု၊ လေ့လာသင်ယူမှု၊ ကြိုးစားအားထုတ်မှုနှင့် ဆက်ဆံရေးကောင်းမွန်မှုရှိရန် လိုအပ်ကြောင်း၊ မှန်ကန်မျှတသည့် အုပ်ချုပ်မှုနှင့်စီမံခန့်ခွဲမှုကောင်းမွန်ခြင်း၊ စည်းလုံးညီညွတ်မှုရှိခြင်းတို့ဖြင့် ပျော်ရွှင်အောင်မြင်သည့် လုပ်ငန်းခွင်ကို ဖန်တီးတည်ဆောက်နိုင်ပါကြောင်း ပြောကြားသည်။



**ရှင်းလင်းတင်ပြ**

ထို့နောက် တက်ရောက်လာသော ဝန်ထမ်းများက လိုအပ်ချက်များနှင့် အကြံပြုချက်များကိုတင်ပြကြရာ သက်ဆိုင်ရာဦးစီးဌာနများမှ တာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆီထွက်သီးနှံဆိုင်ရာ လက်စွဲစာအုပ်ပေးအပ်ပွဲ၊ သုတေသနစာတမ်းဖတ်ပွဲနှင့် ပညာပေးဟောပြောပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ဆီထွက်သီးနှံစိုက်ပျိုးသည်မှ ဝယ်ယူသိုလှောင်သည်အထိ တောင်သူ၊ ကုန်သည်နှင့် လုပ်ငန်းရှင်များ လိုက်နာရမည့် အချက်အလက်များ လက်စွဲစာအုပ်ပေးအပ်ပွဲ၊ သုတေသနစာတမ်းဖတ်ပွဲနှင့် ပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ (၂)၌ ကျင်းပသည်။ **(ယာပုံ)**



အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းနှင့် ဌာနဆိုင်ရာများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ စာတမ်းရှင်များ၊ ပညာရှင်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဆန်းလင်းနှင့် စီမံခန့်ခွဲရေးကော်မတီဝင်များ၊ ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်များ၊ နေပြည်တော်ကောင်စီနယ်မြေမှ နေပြည်တော်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းဝင်များ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSMEs) အသင်းဝင်များ တက်ရောက်ကြသည်။

**အဖွင့်အမှာစကားပြောကြား**

ဦးစွာ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးအောင်နိုင်ဦး၊ ဦးထွန်းအုံနှင့် ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်တို့က အဖွင့်အမှာစကားပြောကြားကြပြီး မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက ဆီထွက်သီးနှံလက်စွဲစာအုပ်ပေးအပ်ပွဲ၊ သုတေသနစာတမ်းဖတ်ပွဲနှင့် ပညာပေးဟောပြောပွဲ ကျင်းပရသည့်အကြောင်းကို ရှင်းလင်းပြောကြားကာ အဆိုပါလက်စွဲစာအုပ်များကို ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များထံ ပေးအပ်သည်။

ထို့နောက် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ပါမောက္ခ(ဌာနမှူး)၊ ဒေါက်တာသိင်္ဂီမြင့်က မြန်မာနိုင်ငံရှိ စားသောက်ဆိုင်များ၊ ဟိုတယ်များ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ဆီသုံးစွဲမှုများ လေ့လာခြင်းစာတမ်းနှင့် မြန်မာနိုင်ငံ၏ လူတစ်ဦးချင်း ဆီစားသုံးမှုအခြေအနေ သုတေသနတွေ့ရှိချက်တို့ကို ဖတ်ကြားရှင်းလင်းသည်။

**ပြန်လည်ဖြေကြားဆွေးနွေး**

မွန်းလွဲပိုင်းတွင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာခင်ဇာကျော်က ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုအခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌဦးအောင်ရွှေနှင့် တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးရဲဟိန်းကျော်တို့က စားသုံးဆီ ကြိတ်ခွဲထုတ်လုပ်မှုအခြေအနေအား လေ့လာတင်ပြခြင်းနှင့် ခေတ်မီ ဆီကြိတ်ခွဲစက်များ၏ ဆောင်ရွက်နိုင်မှုအခြေအနေကိုလည်းကောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာပြည့်ဖြိုးက စားသုံးဆီများနှင့် ဆီအရည်အသွေးကိုလည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အိအိချောက "စားသုံးဆီနှင့် စားသုံးသူအခွင့်အရေး"ကို လည်းကောင်း ဖတ်ကြားဆွေးနွေးကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြရာ သက်ဆိုင်ရာဘာသာရပ်ပညာရှင်များက ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# လက်ပံတန်းမြို့နယ်၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် အဆောက်အအုံမှတ်တမ်းတင်ခြင်းလုပ်ငန်း ဆောင်ရွက်

**လက်ပံတန်း ဖေဖော်ဝါရီ ၂၈**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် အဆောက်အအုံ မှတ်တမ်းတင်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၂၈ ရက် နံနက်က လက်ပံတန်းမြို့ ဘီးလင်းတန်းရပ်ကွက်၌ ဆောင်ရွက်ရာ မြို့နယ်သန်းခေါင်စာရင်းကောက်ယူရေးကော်မတီ ဥက္ကဋ္ဌ ဦးနေမင်းအောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်စိုးမိုးနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုအားပေးသည်။ **(ဝဲပုံ)**



လက်ပံတန်း မြို့နယ်တွင် ဇန်နဝါရီလမှ ယနေ့အထိ မြို့ပေါ်လေးရပ်ကွက် ကောက်ကွက် ၆၀ ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရန်ကုန်တွင် EV သုံးဘီးယာဉ်များရောင်းချရန်စီစဉ်နေရာ လူစိတ်ဝင်စားမှုမြင့်တက်လျက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

ရန်ကုန်တိုင်းဒေသကြီးအတွင်း EV သုံးဘီးယာဉ်များကို ရောင်းချရန်စီစဉ်နေရာ လူစိတ်ဝင်စားမှုမြင့်တက်လျက်ရှိကြောင်း EV သုံးဘီးယာဉ် ရောင်းဝယ်ရေးအသိုင်းအဝိုင်းမှ သိရသည်။

အဆိုပါ EV သုံးဘီးယာဉ်များအား ရန်ကုန်ရှိ မြို့နယ်အချို့တွင် ပိုမိုစီးနင်းခွင့်ပြုပါက ဈေးကွက်၌ ပိုမိုကျယ်ပြန့်လာနိုင်ကြောင်း EV သုံးဘီးယာဉ် ရောင်းဝယ်ရေးအသိုင်းအဝိုင်းမှ သုံးသပ်ကြသည်။

"EVသုံးဘီးယာဉ်တွေကလူစိတ်ဝင်စားမှုကတော့ မြင့်တက်ပါတယ်။ မေးတဲ့သူတွေလည်း ရှိတယ်။ မှာယူတဲ့သူတွေလည်းရှိတယ်။ Customer တွေဘက်က ကျောင်းပို့ ကျောင်းကြိုရော၊ ဆန်အိတ်တွေရော တင်တယ်။ ပြီးတော့သူတို့တွေက လိုင်စင်မကျတဲ့အတွက် ရန်ကုန်မှာ စီးချင်ကြပေမယ့် သန်လျင်ရယ်၊ အင်းစိန်ရယ် ခွင့်ပြုထားတယ်ဆိုတော့ အခြားမြို့နယ်တွေကို စီးနင်းခွင့်ပြုလိုက်ပြီဆိုရင် အဝယ်က ကျွန်မတို့ဘက်ကလည်း ရောင်းဖို့လက်မလည်တော့ဘူးပေါ့။ အဲဒီနှစ်မြို့နယ်ကတော့ ဝယ်ယူသူတွေများတယ်"ဟု ရန်ကုန် ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ Jinpend သုံးဘီးယာဉ်ရောင်းဝယ်ရေးကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လက်ရှိ အဝယ်များနေသည်ဆိုသော Jinpend EV သုံးဘီးယာဉ်များကို တရုတ်နိုင်ငံက ထုတ်လုပ်ခြင်းဖြစ်ပြီး အိမ်သုံးမီတာအပြင် ပါဝါမီတာဖြင့်လည်း အားသွင်းရနိုင်ကာ ရှစ်နာရီ အားသွင်းထားပါက တစ်နေကုန် မောင်းနှင်နိုင်ကြောင်း Jinpend သုံးဘီးယာဉ် ရောင်းဝယ်ရေးကုမ္ပဏီမှ သိရသည်။

**သစ်တော်**

# အပြည်ပြည်ဆိုင်ရာ ဘီးတပ်ကုလားထိုင်နေ့အထိမ်းအမှတ် အသိပညာပေးဆောင်းပါး

*ဆက်လက်ဝဲ (MDevS)*

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် မသန်စွမ်းသူများအခွင့်အရေးဥပဒေ (၂၀၁၅)ပါ ပြဋ္ဌာန်းချက်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို ဖွဲ့စည်းတာဝန်ပေး ဆောင်ရွက်စေလျက်ရှိပါသည်။ အမျိုးသားကော်မတီအနေဖြင့် မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာ၊ စွမ်းရည်နှင့် စွမ်းဆောင်နိုင်မှုများကို နိုင်ငံတော်နှင့် နိုင်ငံသားတို့က အသိအမှတ်ပြုစေရေးအတွက် ဥပဒေနှင့်အညီ တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်ဖော်ဆောင်ပေးလျက်ရှိပါသည်။

အမျိုးသားကော်မတီက မသန်စွမ်းသူများအခွင့်အရေးများကို ဖော်ဆောင်ရာတွင် (Nothing about us without us) ဆိုသည့် ဆောင်ပုဒ်နှင့်အညီ မသန်စွမ်းသူများကိုယ်တိုင် အဓိပ္ပာယ်ရှိရှိ ပါဝင်နိုင်ရန်အတွက် မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်မှ ကိုယ်စားလှယ်များ၊ မသန်စွမ်းမှု အမျိုးအစားအလိုက်မှ ရွေးချယ်စေလွှတ်သော ကိုယ်စားလှယ်များကို အမျိုးသားကော်မတီ၏ အဖွဲ့ဝင်များအဖြစ် ထည့်သွင်းဖွဲ့စည်းကာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ယင်းကဲ့သို့ အနှစ်သာရရှိရှိ ဖွဲ့စည်းထားသည့် အမျိုးသားကော်မတီ၏ ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့က ကျင်းပခဲ့သော (၁/၂၀၂၃) အကြိမ် အစည်းအဝေးတွင် အပြည်ပြည်ဆိုင်ရာ ဘီးတပ်ကုလားထိုင်နေ့နှင့်ပတ်သက်သော အကြောင်းအရာများကို နိုင်ငံပိုင်စာနယ်ဇင်း၊ မီဒီယာများမှတစ်ဆင့် နှစ်စဉ်ဖော်ပြကာ အများပြည်သူသို့ လှုံ့ဆော်အသိပညာပေးသွားရန် ဆုံးဖြတ်ခဲ့ပါသည်။

**ဘီးတပ်ကုလားထိုင်များသည် လူသားများကို အကျိုးပြု**

အပြည်ပြည်ဆိုင်ရာ ဘီးတပ်ကုလားထိုင်နေ့ အထိမ်းအမှတ် လှုပ်ရှားမှုများကို ကမ္ဘာ့နိုင်ငံများတွင် ၂၀၀၈ ခုနှစ်မှ စတင်၍ နှစ်စဉ် မတ်လ ၁ ရက်နေ့တွင် ကျင်းပလာခဲ့ကြပါသည်။ ဘီးတပ်ကုလားထိုင်များသည် လူသားများကို အကျိုးပြုကြောင်း၊ ခေတ်အဆက်ဆက်တွင် ရွေ့လျားနိုင်မှုအတွက် အထောက်အကူပြုကိရိယာအဖြစ် အရေးပါကြောင်း သတိပြုမိစေရန် ရည်ရွယ်ခဲ့ကြပါသည်။

၂၀၀၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဘီးတပ်ကုလားထိုင်နေ့ အထိမ်းအမှတ်အခမ်းအနားကို ဩစတြေးလျ၊ နီပေါ၊ ဆီနီဂေါ၊ တောင်အာဖရိက၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ ဗြိတိန်နှင့် အမေရိကန်နိုင်ငံများတွင် အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် စတင်ကျင်းပခဲ့ခြင်းဖြစ်ပါသည်-

(၁) ဘီးတပ်ကုလားထိုင်အသုံးပြုသူများသည် မိမိဘဝအတွက် ဘီးတပ်ကုလားထိုင်၏ အကျိုးပြုမှုကို နှစ်သက်လက်ခံနိုင်စေရန်။

(၂) ဘီးတပ်ကုလားထိုင်များကို လှူဒါန်းပံ့ပိုးပေးသူများ၊ဘီးတပ်ကုလားထိုင် အသုံးပြုသူများကို ကူညီစောင့်ရှောက်ပေးသူများ၊ သွားလာလှုပ်ရှားမှုအခက်အခဲရှိသူ (မသန်စွမ်းသူများ)အတွက် ပို၍လက်လှမ်းမီ အသုံးပြုနိုင်သော နေရာထိုင်ခင်းများကို ဖန်တီးပေးသူများ၏ လုပ်ဆောင်ချက်များကို ဖော်ထုတ်ပြသနိုင်ရန်။

(၃) ကမ္ဘာပေါ်တွင် လူသန်းပေါင်းများစွာသည် ဘီးတပ်ကုလားထိုင် လိုအပ်နေသော်လည်း ဘီးတပ်ကုလားထိုင်တစ်စီးကိုပင် ဝယ်ယူရန် မတတ်နိုင်သူများရှိ၍ လှူဒါန်းဖြည့်ဆည်းပေးရေး အသိပေးလှုံ့ဆော်ရန်။

အထက်ဖော်ပြပါ အခြေအနေများကြောင့် ဘီးတပ်ကုလားထိုင်သည် သွားလာလှုပ်ရှားရန် ခက်ခဲမှုရှိသူ (မသန်စွမ်းသူများ)အတွက် အလွန်အရေးပါသဖြင့် ကမ္ဘာ့နိုင်ငံများတွင် အထိမ်းအမှတ်နေ့ လှုပ်ရှားမှုများကို တစ်နှစ်ထက်တစ်နှစ် ပိုမိုကျင်းပလာလျက်ရှိရာ ယခုနှစ်ဆိုလျှင် (၁၇) ကြိမ်မြောက်ပြီဖြစ်ပါသည်။

ဘီးတပ်ကုလားထိုင် စတင်ပေါ်ပေါက်လာမှုသမိုင်းကို အနည်းငယ်တင်ပြလိုပါသည်။ လက်ရှိအသုံးပြုနေသည့် ဘီးတပ်ကုလားထိုင်နှင့် ပုံသဏ္ဌာန်ဆင်တူသည့် လက်တွန်းကုလားထိုင်ကို ခရစ်မပေါ်မီ ၆ ရာစုနှစ်က ဂရိတို့ စတင်အသုံးပြုခဲ့ကြပါသည်။ ခေတ်အဆက်ဆက်တွင် သုံးစွဲသူ၏ လိုအပ်ချက်အရ ပိုမိုကောင်းမွန်သည့် ပုံသဏ္ဌာန်များကို တီထွင်ကြံဆခဲ့ကြရာ ၁၉၆၀ ပြည့်နှစ်က ရောမတွင် ကျင်းပခဲ့သည့် မသန်စွမ်းသူများ အားကစားပြိုင်ပွဲ၌ ဘီးတပ်ကုလားထိုင်ဖြင့် ဘတ်စကက်ဘောကစားခြင်းကို စတင်ထည့်သွင်းနိုင်ခဲ့ပြီး ယခုအခါ လူကြိုက်များသော ပြိုင်ပွဲဖြစ်လာခဲ့ပါသည်။

ပထမဆုံး လျှပ်စစ်ဘီးတပ်ကုလားထိုင်ကို ၁၉၀၂ ခုနှစ်က အမေရိကန် အင်ဂျင်နီယာ ဟယ်ရီဂျန်နီးစ်နှင့် ဟာဘတ်အဲဗရက်စ်တို့က စတင်တီထွင်နိုင်ခဲ့ပါသည်။ ၁၉၇၅ ခုနှစ်မှစတင်၍ အမေရိကန်နိုင်ငံ ဘော်စတွန်မာရသွန်တွင် မာရသွန်ပြိုင်ပွဲဝင် ဘီးတပ်ကုလားထိုင်များဖြင့် ပြိုင်ပွဲဝင်စေခဲ့ရာ အားလုံးအကျုံးဝင် ယှဉ်ပြိုင်နိုင်သည့် မာရသွန်အဖြစ် မှတ်တမ်းဝင်ခဲ့ပါသည်။

**မသန်စွမ်းသူများ၏ တစ်ဦးချင်းစွမ်းဆောင်နိုင်မှုကို မြင့်မားလာစေ**

အမေရိကန် အမျိုးသားအာကာသနှင့် လေကြောင်းဦးစီးဌာန (National Aeronautics and Space Administration, NASA) ၏ လဆင်းယာဉ် Lunar Rover တည်ဆောက်ရာတွင် ဘီးတပ်ကုလားထိုင်နည်းပညာကို အသုံးချခဲ့ရသည်အထိ တိုးတက်လာခဲ့ပါသည်။ ယခုအခါ နောက်ပြန်ဆုတ်နိုင်ခြင်း၊ ခြေတင်ရန်နေရာကို သက်သောင့်သက်သာဖြစ်စေခြင်း စသည့်သုံးစွဲသူ၏ လိုအပ်ချက်အတိုင်း ပြုပြင်ဖန်တီးပေးနိုင်ပြီဖြစ်ပါသည်။ ထို့အပြင် တီထွင်ဆန်းသစ်နိုင်မှု တိုးတက်လာသည်နှင့်အမျှ လှေကားကို တက်နိုင်၊ ဆင်းနိုင်သော ဘီးတပ်ကုလားထိုင်များ ပေါ်ပေါက်လာသည့်အတွက် လူ့အသိုင်းအဝိုင်းအတွင်း မသန်စွမ်းသူများ၏ သွားလာနေထိုင်လှုပ်ရှားနိုင်မှုနှင့် တစ်ဦးချင်း၏ စွမ်းဆောင်နိုင်မှုကို ပိုမိုမြင့်မားလာစေပါသည်။ ထို့ကြောင့် ဘီးတပ်ကုလားထိုင် အသုံးပြုသူအနေဖြင့် မိမိသုံးစွဲသည့် ဘီးတပ်ကုလားထိုင်သည် မိမိဘဝ၏အရေးပါသော အစိတ်အပိုင်းတစ်ရပ်အဖြစ် အသိအမှတ်ပြုကြရမည်ဖြစ်ပါသည်။

- ❖ **ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (World Health Organization- WHO)၏ ထုတ်ပြန်ချက်အရ ကမ္ဘာ့လူဦးရေ သန်း ၁၀၀၀ ခန့်သည် ဘီးတပ်ကုလားထိုင် လိုအပ်နေကြပြီး ယင်းတို့အနက် ၅ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းသာ ၎င်းတို့နှင့် သင့်တော်သော ဘီးတပ်ကုလားထိုင်ကို အသုံးပြုခွင့်ရရှိကြောင်း သိရှိရ**
- ❖ **ယင်းကဲ့သို့ လူဦးရေသန်းပေါင်းများစွာ၏ ဘီးတပ်ကုလားထိုင် လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းလှူဒါန်းပေးသည့် အလှူရှင်များ၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၏ မြင့်မြတ်သော လုပ်ဆောင်ချက်ကို ယခုလိုအခါသမယတွင် အထူးအလေးပေး အသိအမှတ်ပြုကြရမည်ဖြစ်**

နောက်ဆုံးပေါ် ဘီးတပ်ကုလားထိုင်များကို တိုက်တေနီယံသတ္တုကဲ့သို့ ပေါ့ပါးသည့်ပစ္စည်းများဖြင့် ကာလရှည်အသုံးပြုနိုင်ရန်နှင့် လွယ်လင့်တကူထိန်းကျောင်းနိုင်ရန် ပြုလုပ်လာနိုင်ခဲ့ပါသည်။ အချို့ဘီးတပ်ကုလားထိုင်များတွင် အသံဖြင့် ထိန်းကျောင်းနိုင်သည့်စနစ်ပါဝင်လာ၍ သုံးစွဲသူအတွက် လွတ်လပ်မှုကို ပိုမိုရရှိစေပါသည်။ သယ်ဆောင်ရလွယ်ကူပြီး ခေါက်၍သိမ်းဆည်းနိုင်သော ဘီးတပ်ကုလားထိုင်များ ပေါ်ပေါက်လာသဖြင့် မသန်စွမ်းသူများ ခရီးသွားရာတွင် အလွယ်တကူပို့ဆောင်၊ သိမ်းဆည်းလာနိုင်ပြီဖြစ်ပါသည်။

ယနေ့ဖွံ့ဖြိုးပြီးနိုင်ငံများရှိ လူဦးရေ ၁ ဒသမ ၂ ဘီလီယံ၏ ၁ ရာခိုင်နှုန်း (၁၂ သန်း)သည် ဘီးတပ်ကုလားထိုင်ကို အမြဲတမ်းလိုအပ်သူများဖြစ်ကြောင်း၊ ကျန်လူဦးရေအနက် ၉၅ ရာခိုင်နှုန်းသည် ဘီးတပ်ကုလားထိုင်ကို တစ်ကြိမ်သုံးခဲ့ဖူးသူများဖြစ်ကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင်မူ လူဦးရေ၏ ၂ ရာခိုင်နှုန်းသည် ဘီးတပ်ကုလားထိုင်ကို အမြဲတမ်းလိုအပ်သူများဖြစ်ပြီး ၁၀ ရာခိုင်နှုန်းသည် ဘီးတပ်ကုလားထိုင်ကို တစ်ကြိမ်သုံးခဲ့ဖူးသူများဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် ကမ္ဘာတွင် နေ့စဉ်တစ်နာရီတိုင်း ဘီးတပ်ကုလားထိုင် ၁၄၅ စီး လိုအပ်နေကြောင်း အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားအခြေစိုက် အကျိုးအမြတ်မယူသည့် ဝီးချဲလ်ဖောင်ဒေးရှင်း (Wheelchair Foundation) ၏ လေ့လာဖော်ထုတ်မှုအရ သိရှိရပါသည်။

ထို့အပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (World Health Organization–WHO)၏ ထုတ်ပြန်ချက်အရ ကမ္ဘာ့လူဦးရေ သန်း ၁၀၀၀ ခန့်သည် ဘီးတပ်ကုလားထိုင် လိုအပ်နေကြပြီး ယင်းတို့အနက် ၅ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းသာ ၎င်းတို့နှင့် သင့်တော်သော ဘီးတပ်ကုလားထိုင်ကို အသုံးပြုခွင့်ရရှိကြောင်း သိရှိရပါသည်။ ယင်းကဲ့သို့ လူဦးရေသန်းပေါင်းများစွာ၏ ဘီးတပ်ကုလားထိုင် လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းလှူဒါန်းပေးသည့် အလှူရှင်များ၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၏ မြင့်မြတ်သော လုပ်ဆောင်ချက်ကို ယခုလိုအခါသမယတွင် အထူးအလေးပေး အသိအမှတ်ပြုကြရမည်ဖြစ်ပါသည်။

အမြဲတမ်းမသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများ၊ နာမကျန်းသူများ၊ ကလေးသူငယ်များနှင့် မိခင်များ၊ ယာယီမသန်စွမ်းသူများအနေဖြင့် အထောက်အကူပြုကိရိယာအဖြစ် ဘီးတပ်ကုလားထိုင်ရှိရုံဖြင့် အဆင်ပြေစွာသွားလာလှုပ်ရှားနိုင်မည်မဟုတ်ပါ။ ဘီးတပ်ကုလားထိုင်ကိုအသုံးပြု၍ လွယ်ကူစွာသွားလာသုံးစွဲနိုင်သော အများပြည်သူသုံး အဆောက်အအုံနှင့် ဆက်စပ်ဝန်းကျင်များ၊ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးယာဉ်များ၊ လမ်းဆုံမီးပွိုင့်များ၊ လူကူးမျဉ်းကျားများ၊ လမ်းအကွေ့၊ အတက်၊ အဆင်းများ၊ အများပြည်သူပိုင် အိမ်ရာများ၊ ဆေးရုံနှင့် စာသင်ကျောင်းများ စသည့်ရုပ်ဝတ္ထုပတ်ဝန်းကျင်များကို ဖန်တီးပေးထားမှသာ ဘီးတပ်ကုလားထိုင်ကို ထိထိရောက်ရောက် အကျိုးရှိရှိ အသုံးပြုနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်၍ ယင်းကဲ့သို့ ပတ်ဝန်းကျင်ကို ဖန်တီးပေးသော ကမ္ဘာ့နိုင်ငံများရှိ အစိုးရအဖွဲ့အစည်းများ၊ မြူနီစီပယ်အဖွဲ့များနှင့် ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ ဒီဇိုင်းရေးဆွဲသူများ စသည့်ဆက်စပ်ပတ်သက်သူအားလုံး၏ စိတ်စေတနာကြီးမြတ်မှုကို အသိအမှတ်ပြုကြရမည် ဖြစ်ပါသည်။

**မသန်စွမ်းသူများ အခွင့်အရေးအတွက် ဖော်ဆောင်ပေးလျက်ရှိ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေအရ မသန်စွမ်းသူများ လွယ်ကူစွာသွားလာနေထိုင်အသုံးပြုနိုင်ရေးအတွက် မသန်စွမ်းသူများအသုံးပြုသည့် အထောက်အကူပြုကိရိယာများ ထောက်ပံ့ကူညီရေးအတွက် အစီအစဉ်များချမှတ်ခြင်း၊ အမျိုးသားကော်မတီနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးကော်မတီများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်ကဲ့သို့ မသန်စွမ်းမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေသည့် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ရေ့ပြေးစီမံကိန်းများ ချမှတ်ဖော်ဆောင်ပေးခြင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာမဟာဗျူဟာ (၅)နှစ်စီမံကိန်း (၂၀၂၂-၂၀၂၇)တွင် အလွယ်တကူလက်လှမ်းမီ ရယူအသုံးပြုနိုင်မှု မဟာဗျူဟာကို ထည့်သွင်းချမှတ်ကာ မျှော်မှန်းရလဒ်များ သတ်မှတ်ပေးပြီး သက်ဆိုင်ရာ တာဝန်ရှိဌာနများကို လုပ်ငန်းစီမံချက်ရေးဆွဲဆောင်ရွက်စေခြင်းစသည့် နည်းလမ်းများဖြင့် ဘီးတပ်ကုလားထိုင်အသုံးပြုသူများအပါအဝင် မသန်စွမ်းသူများ အခွင့်အရေးအတွက် ဖော်ဆောင်ပေးလျက်ရှိပါသည်။

ထို့ကြောင့် ၂၀၂၄ ခုနှစ် မတ်လ ၁ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ ဘီးတပ်ကုလားထိုင်နေ့အထိမ်းအမှတ်အဖြစ်

(၁) မသန်စွမ်းသူများ၏ လူ့အသိုင်းအဝိုင်းအတွင်း သွားလာနေထိုင်လှုပ်ရှားနိုင်မှုနှင့် တစ်ဦးချင်း၏ စွမ်းဆောင်နိုင်မှုကို မြှင့်တင်ပေးနိုင်သည့် ဘီးတပ်ကုလားထိုင်များကို ကူညီပံ့ပိုးလှူဒါန်းပေးကြပါ။

(၂) မသန်စွမ်းသူများ လွယ်ကူစွာသွားလာနေထိုင် ရယူအသုံးပြုနိုင်ရေးနှင့် အားလုံးအကျုံးဝင်မှုကို မြှင့်တင်ပေးနိုင်ရေး အာရုံစိုက်ဆောင်ရွက်ပေးကြပါ၊ တစ်နည်းအားဖြင့် လူသားတိုင်းအတွက် အလွယ်တကူလက်လှမ်းမီသွားလာလှုပ်ရှား၊ ရယူအသုံးပြုနိုင်သော နေရာထိုင်ခင်းများ၊ ပတ်ဝန်းကျင်များကို ပိုမိုဖန်တီးတည်ဆောက်ပေးကြပါ။

(၃) ဘီးတပ်ကုလားထိုင် လှူဒါန်းသူများ၊ ဘီးတပ်ကုလားထိုင် အသုံးပြုသူများကို ကူညီစောင့်ရှောက်ကြသူများနှင့် လူတိုင်းအတွက် အလွယ်တကူလက်လှမ်းမီ သွားလာလှုပ်ရှား၊ ရယူအသုံးပြုနိုင်သော နေရာထိုင်ခင်းများ၊ ပတ်ဝန်းကျင်များကို ဖန်တီးတည်ဆောက်ပေးသူများကို အလေးထားဂုဏ်ပြုကြပါဟု အသိပေးတိုက်တွန်း နှိုးဆော်ရင်း နိဂုံးချုပ်အပ်ပါသည်။ ။

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေ ညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးဖြစ်သူ Mr. Marcoluigi Corsi အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေ ညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးဖြစ်သူ Mr. Marcoluigi Corsi အား ယနေ့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

**ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် မြန်မာအစိုးရနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများအကြား လက်ရှိ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။ **သတင်းစဉ်**

# (၂၉) ကြိမ်မြောက် မြန်မာ-ထိုင်း လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေးနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးဆိုင်ရာ ဖြစ်ရပ်စီမံခန့်ခွဲမှု ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ထိုင်းနိုင်ငံ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားလုံခြုံရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ (၂၉) ကြိမ်မြောက် မြန်မာ - ထိုင်း လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေးနှင့် ပြန်လည်ဝင်ဆံ့ ပေါင်းစည်းရေးဆိုင်ရာ ဖြစ်ရပ်စီမံခန့်ခွဲမှုညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် ရန်ကုန်မြို့ Park Royal Hotel ၌ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည်။




ညှိနှိုင်းအစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ထိုင်းနိုင်ငံ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားလုံခြုံရေးဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် Ms. Sara Binyoh ဦးဆောင်သော ထိုင်းကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာ-ထိုင်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုသည် ဒေသတွင်းနိုင်ငံများအကြား စံပြနမူနာကောင်းဖြစ်ခဲ့ကြောင်း၊ ယနေ့ကျင်းပပြုလုပ်သော အစည်းအဝေးသည် မြန်မာ-ထိုင်း နှစ်နိုင်ငံ လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၏ အဓိကအပိုင်းတွင် ပါဝင်သော ကတိကဝတ်များကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဓိကတာဝန်ယူဆောင်ရွက်လျက်ရှိပြီး လူကုန်ကူးခံရသူများကို တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၅၀၀ ခန့်နှင့်ညီမျှသော ပြန်လည်ထူထောင်ရေးထောက်ပံ့မှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုင်းနိုင်ငံအစိုးရအနေဖြင့် မြန်မာနိုင်ငံသား လူကုန်ကူးခံရသူများကို ဂေဟာတွင် လက်ခံစောင့်ရှောက်ခြင်း၊ ပြင်ပအလုပ်အကိုင်များ ရှာဖွေပေးခြင်း၊ ထောက်ပံ့ငွေနှင့် လျော်ကြေးငွေများ ရရှိအောင် ကူညီဆောင်ရွက်ပေးခြင်းတို့အတွက် လူကုန်ကူးခံရသူများကိုယ်စား မြန်မာနိုင်ငံအနေဖြင့် ထိုင်းနိုင်ငံအစိုးရကို အထူးပင် ကျေးဇူးတင်ရှိကြောင်း၊ မြန်မာ - ထိုင်း နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် နီးကပ်သော ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက် တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ထိုင်းနိုင်ငံ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားလုံခြုံရေးဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် MS. Sara Binyoh က လူကုန်ကူးမှုပြဿနာသည် လူသားများ၏ အခွင့်အရေးနှင့် လူ့ဂုဏ်သိက္ခာချိုးဖောက်စေသည့် ပြဿနာဖြစ်သည့်အတွက် ထိုင်းနိုင်ငံအစိုးရအနေဖြင့် လူကုန်ကူးမှုပြဿနာ မဖြစ်ပေါ်စေရေးအတွက် ကာကွယ်တားဆီးနိုင်မည့် နည်းလမ်းများနှင့် ဖြစ်ပေါ်လာသည့် လူကုန်ကူးမှုပြဿနာများကို ဖြေရှင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကိုပါ ကဏ္ဍအလိုက်ပြင်ဆင်မွမ်းမံဆောင်ရွက်လျက်ရှိသည့်အပြင် လူကုန်ကူးခြင်းခံရသူများကို ထိုင်းနိုင်ငံအစိုးအနေဖြင့် ဥပဒေ၊ လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာစံနှုန်းနှင့်အညီ ကြည့်ရှုစောင့်ရှောက်ထားလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် (၂၉) ကြိမ်မြောက် မြန်မာ-ထိုင်း လူကုန်ကူးခံရသူများကို ပြန်လည်လက်ခံရေးနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးဆိုင်ရာ ဖြစ်ရပ်စီမံခန့်ခွဲမှု ညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပပြီး အစည်းအဝေးဆုံးဖြတ်ချက် (၁၃) ချက်ကို အတည်ပြုနိုင်ခဲ့သည်။

**ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ**

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ညှိနှိုင်းအစည်းအဝေး အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပြီး ထိုင်းနိုင်ငံမှ ကိုယ်စားလှယ်များကို အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပေါင်မြို့နယ်၌ အခြေခံပညာအလယ်တန်းအဆင့် Grade -9 နှစ်ဆုံးစာမေးပွဲ အောင်မြင်စွာဖြေဆို

**ပေါင် ဖေဖော်ဝါရီ ၂၈**

မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်းရှိ စာစစ်ဌာနများ၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာအလယ်တန်းအဆင့် Grade -9 အတွက် နှစ်ဆုံးစာမေးပွဲကို ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၁၁ နာရီတွင် နောက်ဆုံးဘာသာဖြစ်သည့် အထွေထွေသိပ္ပံဘာသာရပ် အောင်မြင်စွာ ဖြေဆိုပြီးစီးခဲ့သည်။



ထိုသို့ဖြေဆိုရာတွင် စာရင်းရှိ ကျောင်းသားကျောင်းသူ အလယ်တန်းအဆင့် Grade -9 ဖြေဆိုရန်စာစစ်ဌာန ၃၀ သတ်မှတ်ထားပြီး ဖြေဆိုရန်စာရင်းရှိ ၁၆၁၀ မှ ဝင်ရောက်ဖြေဆိုသူ ၁၅၈၄ ဦးနှင့် ပျက်ကွက်သူ ၂၆ ဦး ရှိကြောင်းနှင့် ယင်းသို့ဖြေဆိုနေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်းအောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက အနီးကပ် စောင့်ကြပ်ကြည့်ရှုပေးကြောင်း သိရသည်။ **မွန်မလေး (ပြန်/ဆက်)**

# သွားနှင့်ခံတွင်း ကျန်းမာရေး ပညာပေးခြင်းနှင့် အခမဲ့ကုသမှုပေးခြင်း ဆောင်ရွက်


**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန် ပါမောက္ခချုပ်၏ ညွှန်ကြားမှုဖြင့် ကာကွယ်ရေးနှင့် လူထုသွားကျန်းမာရေးပညာဌာနမှ ဆရာ ဆရာမများ၊ ဘွဲ့လွန်သင်တန်းသား သင်တန်းသူများနှင့် အလုပ်သင်ဆရာဝန် ၁၃ ဦး ပါဝင်သောအဖွဲ့သည် ဖေဖော်ဝါရီ ၂၈ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ် ရာဇဗြိုဟ်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ ရွေ့လျားဆေးကုသရေးယာဉ်ဖြင့် သွားရောက်၍ ကျောင်းသား ကျောင်းသူ ၉၀ အား သွားနှင့်ခံတွင်းကျန်းမာရေးပညာပေးဟောပြောခြင်း၊ ၁၁၀ တို့အား သွားနှင့်ခံတွင်း ကျန်းမာရေးစစ်ဆေးခြင်း၊ သွားနှင့်ခံတွင်းဝေဒနာရှင် ကျောင်းသား ကျောင်းသူ ၅၅ ဦးတို့အား အခမဲ့ကုသမှုပေးခြင်းတို့ကို ဆောင်ရွက်ပေးကြောင်း သိရသည်။ **မြန်မာ့အလင်း**



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးဘေးလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၈ ရက်က မြစ်သားမြို့ ပြည်သူ့အားကစားကွင်း၌ မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်မှုများ ပြုလုပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးခိုင်က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးအောင်မင်းကျော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ မီးငြိမ်းသတ်ခြင်းများကို လက်တွေ့သရုပ်ပြစဉ်။ မောင်ကျော်ကြီး

**မီးဘေးရှောင် မလောင်ခင်တား**





# အောင်ဇမ္ဗူတောရဓမ္မရိပ်သာ ဆရာတော် ဦးဆောင်သော အောင်ဇမ္ဗူသာသနာပြုအဖွဲ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

အောင်ဇမ္ဗူတောရ ဓမ္မရိပ်သာ ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍာဝံသ ဦးဆောင်သော အောင်ဇမ္ဗူသာသနာပြုအဖွဲ့သည် မြန်မာနိုင်ငံ ငြိမ်းချမ်းသာယာဝပြောစေရန် ရည်ရွယ်၍ ယနေ့ညနေပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြပြီး ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပူဇော်ခြင်း၊ ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ ဆုတောင်းမေတ္တာပို့သခြင်းများ ဆောင်ရွက်ကြသည်။



### ရှင်းလင်းပြောကြား

ဦးစွာ ဆရာတော် ဦးဆောင်သော သံဃာတော် ၁၁ ပါးနှင့် အမျိုးသား၊ အမျိုးသမီး၊ ယောဂီ ၁၀၀ ကျော်ပါဝင်သည့် အောင်ဇမ္ဗူသာသနာပြုအဖွဲ့အား ရှင်းလင်းဆောင်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယ ဘုရားကြီး တည်ထားကိုးကွယ်ပူဇော်ရခြင်းရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်း ဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှု အခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် အောင်ဇမ္ဗူသာသနာပြုအဖွဲ့မှ အလှူရှင်များက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအတွက် အလှူငွေကျပ်သိန်း ၅၀ ကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးအား အောင်ဇမ္ဗူဆရာတော်ကဆက်ကပ်လှူဒါန်းသည့် ပန်းပူဇော်ပွဲကို ဘုရားရင်ပြင်တော်၌ ကျင်းပရာ ဆရာတော်ဦးဆောင်သော သံဃာတော် ၁၁ ပါး၊ ပင့်သံဃာအပါး ၁၀၀၊ ပင့်သီလရှင်အပါး ၁၀၀၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်ဇနီး၊ အမျိုးသား၊ အမျိုးသမီး၊ ယောဂီ ၁၀၀ ကျော်နှင့် ဘုရားဖူးပြည်သူတို့က ရှစ်ပါးသီလခံယူဆောက်တည်ကြပြီး နမောတဿ၊ သရဏဂုံသုံးပါးနှင့် ဂုဏ်တော်ကိုးပါး ရွတ်ဖတ်၍ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လက်ယာရစ်သုံးပတ်လှည့်လည်ပူဇော်ကြသည်။

ဆက်လက်၍ ဆရာတော်ဦးဆောင်သော သံဃာတော် ၁၁ ပါးနှင့် ပင့်သံဃာအပါး ၁၀၀ တို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓဘာသာထုံးတမ်းအစဉ်အလာများနှင့်အညီ ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ကြပြီး ခန္ဓသုတ်ရွတ်ဖတ်ပူဇော်ကြသည်။

### မေတ္တာပို့သအမျှပေးဝေ

ထို့နောက် ဆရာတော်ဦးဆောင်သော သံဃာတော် ၁၁ ပါး၊ ပင့်သံဃာအပါး ၁၀၀၊ ပင့်သီလရှင် အပါး ၁၀၀၊ အမျိုးသား၊ အမျိုးသမီး၊ ယောဂီ ၁၀၀ ကျော်နှင့် ဘုရားဖူးပြည်သူတို့က မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးအား တရုတ်နိုင်ငံမှ မှာယူထားသည့် Tiger လီလီပန်း၊ ပဲပန်း၊ ပန်းချယ်ရီပန်း၊ ကာနေရှင်းပန်း၊ နှင်းဆီပန်း၊ ဖယောင်းပန်း၊ ဘောလုံးပန်း၊ နှင်းချယ်ရီပန်းနှင့် ကြယ်ပန်းစသည့် ပန်းကိုးမျိုးတို့ဖြင့် လှပစွာ ပေါင်းစပ်ဖန်တီးထားသည့် အကျယ် ၆၈ ပေ၊ အနံ ရှစ်ပေရှိသည့် Flower Wall ၊ သစ်သီးကိုးမျိုးနှင့် ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းပူဇော်ကြ၍ တရားဘာဝနာပွားများခြင်း၊ ဆုတောင်းမေတ္တာပို့သ၍ အမျှပေးဝေခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် အောင်ဇမ္ဗူသာသနာပြုအဖွဲ့မှ ဒါယကာဒါယိကာမတို့က ဆရာတော်ဦးဆောင်သော ပင့်သံဃာတော်အပါး ၁၀၀ နှင့် သီလရှင်အပါး ၁၀၀ တို့အား ဝတ္ထုငွေများ လောင်းလှူကြသည်။ **(အပေါ်ဝဲပုံ)**

ထို့နောက် ဆရာတော်ဦးဆောင်သော အောင်ဇမ္ဗူသာသနာပြုအဖွဲ့သည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များအသုံးပြု၍ အနုပညာလက်ရာကွဲပြားစွာ တည်ဆောက်ထားသည့် ဂန္ဓကုဋီတိုက် ၂၄ ဆောင်၊ မုစလိန္ဒကန်၊ နဂါးရုံဘုရား၊ ကျောက်စာရုံစေတီတော် အဆူ ၇၂၀၊ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီးတို့ကို လှည့်လည်ဖူးမြော်ကြသည်။

**သတင်းစဉ်**

## ဒေးဒရဲမြို့နယ်၌ ကျေးရွာချင်းဆက်လမ်းပြီးစီး

**ဒေးဒရဲ ဖေဖော်ဝါရီ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်အတွင်းရှိ မြို့နယ်ကျေးရွာချင်းဆက်လမ်းများ ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၂၇ ရက်က သံဒိဇီးဖြူကုန်းကျေးရွာအုပ်စု အကယ်ချောင်းဝရွာဖျားလမ်း ဆောင်ရွက်ပြီးစီးနေမှုကို ဖျာပုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်လင်း၊ မြို့နယ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးကျော်ကျော်နှင့် အဖွဲ့ဝင်များ ကွင်းဆင်းကြည့်ရှုသည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်း အသုံးစရိတ်၊ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၂၀၀ ဖြင့် ကွန်ကရစ်လမ်း အရှည် ၁၁၂၇ ပေ၊ အလျား ခြောက်ပေ၊ ထုခြောက်လက်မရှိ ကျေးရွာလမ်းခင်းကျင်းပြီးစီးမှုကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက သတ်မှတ်အရည်အသွေးနှင့် အတိုင်းအတာပြည့်မီရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

**အေဇာလင်း**

# ပဲခူးမြို့နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို



**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်း ၅၆ ဦး၊ အုပ်ချုပ်သူ သုံးဦး၊ ဆေးအကူ နှစ်ဦး စုစုပေါင်း ၆၁ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဧရာ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှု အခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများနှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များသည် ယခုကဲ့သို့ ရုပ်ပွားတော်မြတ်ကြီးအား အဆင်ပြေချောမွေ့စွာ လာရောက်ဖူးမြော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှုများနှင့် ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခဲ့မှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို အသေးစိတ် ရှင်းလင်း ပြောကြားပေးမှုများအပေါ် ကျေးဇူးတင်စကားများ ပြောကြားကြပြီး ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု အခြေအနေနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ် ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ဆက်လက်၍ ဘုရားဖူး အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများနှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋီ၊ မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော် ပုံစံငယ်ပြသထားမှု၊ မှတ်တမ်းဓာတ်ပုံများ၊ အဂ္ဂါမိပတိသာသနာ့ ဗိမာန်တော်ကြီး၊ ကျောက်စာရုံ စေတီတော်များနှင့် အခြားသာသနိက အဆောက်အဦများကို ဖူးမြော်လေ့လာကြည်ညိုခဲ့ကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ထို့အတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ် အရပ်ရပ်မှ ရဟန်းရှင်လူဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိသည်။

ယနေ့တွင် မာရဝိဇယ ဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးအား လာရောက် ဖူးမြော်ခဲ့ကြသည့် အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများနှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များ၏ ရင်တွင်းစကားသံများကို ယခုလို ကြားသိခဲ့ရသည် –



ကျွန်တော်ကတော့ ပဲခူးမြို့က လာတာပါ။ ပဲခူးတိုင်းဒေသကြီးရဲ့ အငြိမ်းစားဝန်ထမ်းများကိုယ်စားပြု ကျွန်တော်တို့ ဒီဘုရားကြီးကို လာရောက်ခြင်းဖြစ်ပါတယ်။ မာရဝိဇယဘုရားကို ပဲခူးတိုင်းရဲ့ အစီအမံနဲ့ မော်တော်ယာဉ်ကအစ လိုအပ်တဲ့ စားသောက်စရာပါ အားလုံးကို စီမံဆောင်ရွက်ပေးလို့ ကျွန်တော်တို့ အငြိမ်းစားများအဖွဲ့က ကျေးဇူးတင်ပါတယ်။ ဒီမာရဝိဇယ ကျောက်ဆင်းတုဘုရားကြီးကို သယ်တာကအစ တီဗွီမှာလည်း ကြည့်ရပါတယ်။ အခုဒီမှာကျတော့လည်း ထပ်ပြီး ကြည့်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ရဲ့သက်တမ်းတစ်ခုလုံးမှာ ဒီလိုတစ်ခါမှ မတွေ့ဖူးပါဘူး။ အံ့မခန်းဖြစ်ရပြီး ပညာရှင်တွေ၊ သက်ဆိုင်ရာ အဖွဲ့အစည်းအဆင့်ဆင့် ဦးဆောင်မှုတွေက အင်မတန်မှ ကောင်းမွန်တယ်ဆိုတဲ့ အကြောင်းလေး ပြောပြချင်ပါတယ်။ တစ်သက်နဲ့တစ်ကိုယ် ဖူးခွင့်ရတယ်ဆိုတာက ရင်ထဲမှာ ဝမ်းနည်းသလို၊ ပျော်သလို အင်မတန်ခံစားရပါတယ်။ ဒီလိုပီတိမျိုးဆိုတာ တစ်သက်မှာ တစ်ခါခံစားရတာပါ။ မြတ်ဗုဒ္ဓရဲ့ အဆုံးအမတွေကို ကျွန်တော်တို့က ဒီလိုမျိုးတွေ ကြည့်ရှုခြင်းအားဖြင့် ဘုရားသာသနာအတွင်းမှာ ကျွန်တော်တို့က လူလားမြောက်အောင်၊ လူ့အခွင့်အရေးတွေ မဆုံးရှုံးအောင်ကြိုးစားအားထုတ်ရမယ့် အနေအထားမျိုးကို ကျွန်တော်တို့က ပိုပြီးတော့ သံဝေဂတွေ ရတာပေါ့။ ကျွန်တော်တို့လူသားဆိုတာ အချိန်တန် အိုမယ်၊ နာမယ်၊ သေမယ် ဒီအရေးသုံးပါးကို ကျွန်တော်တို့က အချိန်တန်ရင် ဖြစ်ရတော့မယ်။ ဒီတော့ ဘုရားက ငါတို့အသက်ရှိတုန်း ဖူးခွင့်ရတယ်ဆိုတဲ့ အကျိုးကျေးဇူးကို တန်ဖိုးဖြတ်လို့မရပါဘူး။ အခုလို ပို့ဆောင်ပေးတဲ့အတွက် အင်မတန်ပဲ တာဝန်ရှိသူအားလုံးကို ဝမ်းသာပါတယ်ဆိုတဲ့အကြောင်း၊ ကျေးဇူးလည်း အထူးတင်ပါတယ်ဆိုတဲ့ အကြောင်း ပြောကြားလိုပါတယ်။



ဘုရား ဖူးမြော်လိုက်ရတော့ ရင်အေးသွားတယ်။ နောက်ပြီးတော့ ခေါင်းလောင်းကြီးမှာ ကြေးစည်ထုတော့ ဗိုလ်ချုပ်မှူးကြီး နာမည်သွားတွေ့တယ်။ ဒါကိုမြင်ပြီး အေးချမ်းသလို သူလည်း စိတ်အေးချမ်းပါစေ၊ မိသားစုလည်း၊ တိုင်းသူပြည်သားတွေလည်း စိတ်အေးချမ်းပါစေ၊ အဲဒီလို ဆုတောင်းမိပါတယ်။ ရင်ထဲအေးပြီးတော့လေ ဒါမျိုးကလည်း ဘယ်မှာမှမရှိဘူးခဲ့လို့ ထင်မိပါတယ်။ ဒါကြောင့်မို့လို့ ဝမ်းသာပါတယ်။ သာသနာအတွက်ရော၊ နိုင်ငံတော်အတွက်ရော၊ ပြည်သူအတွက်ရော၊ ဗိုလ်ချုပ်မှူးကြီး မိသားစုအတွက်ရော၊ သမီးတို့အတွက်ပါ ဝမ်းသာပါတယ်လို့ ဆုတောင်းပါတယ်။ ကျန်းမာချမ်းသာပြီးတော့ တိုင်းပြည်အကျိုး၊ နိုင်ငံအကျိုး၊ သာသနာ့အကျိုး စောင့်ရှောက်နိုင်ပါစေလို့ ဆုတောင်းပေးပါတယ်။

အလွန်ပဲ ဝမ်းသာပါတယ်၊ အင်မတန်ပဲ ကြည်နူးရပါတယ်။ လာရောက်ပြီးတော့ ပို့ပေးတဲ့သူတွေအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။ ဒီမှာလက်တွေ့မြင်လိုက်ရတာ ကြည်နူးပြီး အများကြီး စိတ်ချမ်းသာပါတယ်။ အေးချမ်းလွန်းအားကြီးလို့ တကယ်ကို ကြည်နူးမိပါတယ်။ ပြောမပြတတ်အောင်ပဲ ကြည်နူးရပါတယ်။ တကယ်ဆို ကိုယ့်ဟာကိုယ်ဆို ငွေကြေးကြောင့် လာနိုင်မှာ မဟုတ်ပါဘူး။ ကျန်းမာရေးကြောင့် လာနိုင်မှာမဟုတ်ပါဘူး။ အခုလို ပို့ပေးတဲ့အတွက် အလွန်ပျော်ပါတယ်။ လာရောက်ဖူးမြော်ဖို့ဆိုတာ အိပ်မက်တောင် မမက်ဖူးပါဘူး။



နောင်ကိုလည်း ခဏခဏ လာရောက် ဖူးမြော်ရပါစေလို့ ဆုတောင်းပါတယ်။ မဖူးရသေးတဲ့ ရပ်ဝေးရပ်နီးက အားလုံးသောသူများ လာရောက်ဖူးမြော်နိုင်ပါတယ်။ ကြည်နူးရပါတယ်။ အေးချမ်းပါတယ်။ စိတ်လည်း ချမ်းသာရပါတယ်။ လာရောက် ဖူးမြော်ကြပါလို့ တစ်နိုင်ငံလုံးကို ဖိတ်ခေါ်ပါတယ်။ **သတင်းစဉ်**



# မြန်မာနိုင်ငံ ကြက်ခြေနီအသင်း (၈၆) ကြိမ်မြောက် ကြက်ခြေနီဗဟိုကောင်စီ အစည်းအဝေးကျင်းပ

## လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများကို ဆောင်ရွက်သည့်အခါတွင် နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးရှေးရှု၍ ဒို့တာဝန်အရေး(၃)ပါးကို အမျိုးသားရေးတာဝန်အဖြစ်မှတ်ယူကာ အထူးအလေးထား လိုက်နာဆောင်ရွက်ရန်တိုက်တွန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

မြန်မာနိုင်ငံကြက်ခြေနီအသင်း (၈၆) ကြိမ်မြောက် ကြက်ခြေနီဗဟိုကောင်စီအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်၌ ကျင်းပပြုလုပ်သည်။

အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း (ငြိမ်း)၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွှန့်နှင့် ဒုတိယဥက္ကဋ္ဌ၊ အချိန်ပြည့်၊ အချိန်ပိုင်းအလုပ်အမှုဆောင်များ၊ နီးနွယ်ဝန်ကြီးဌာနများမှ ဖိတ်ကြားထားသူများ၊ ကြက်ခြေနီဗဟိုကောင်စီဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့မှူးများ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း မြန်မာနိုင်ငံကြက်ခြေနီအသင်း (၈၆) ကြိမ်မြောက် ကြက်ခြေနီဗဟိုကောင်စီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**စနစ်တကျသုံးသပ်ဆွေးနွေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပိုမိုအားကောင်းပြီး အရေးကြီးသည့် မူဝါဒများနှင့် လမ်းညွှန်ချက်များကို ချမှတ်နိုင်ရန် ယခုညီလာခံသက်တမ်းတွင် တာဝန်ယူ ဆောင်ရွက်ပေးနေကြသည့် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌနှင့်တကွ အလုပ်အမှုဆောင်များ၊ ကောင်စီဝင်များအားလုံးအနေဖြင့် မိမိတို့တာဝန်ယူဆောင်ရွက်မည့် ကြက်ခြေနီလုပ်ငန်းများအတွက် အားသာချက်၊ အားနည်းချက်များကို ယခုအစည်းအဝေးတွင် စနစ်တကျ သုံးသပ်ဆွေးနွေးပြီး ရှေ့လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ နိုင်ငံတော်မှ အတည်ပြုပြဋ္ဌာန်းပေးထားသည့် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥပဒေပါ လူသားချင်းစာနာထောက်ထားမှုနယ်ပယ်တွင် နိုင်ငံတော်၏ အရန်အင်အားဖြစ်သည်ဟု ပြဋ္ဌာန်းထားသည့်အတိုင်း နိုင်ငံအတွင်းဖြစ်ပွားခဲ့သည့် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ အချိန်ကာလများနှင့် သဘာဝဘေးအန္တရာယ်ဖြစ်သည့် ဆိုင်ကလုန်းမုန်တိုင်းမိုခါကဲ့သို့သော ဘေးအန္တရာယ်များအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရာတွင် ကြက်ခြေနီစေတနာလုပ်အားရှင်များက ဒေသအလိုက် ပါဝင်ကူညီ လှုပ်ရှားဆောင်ရွက်ပေးနေကြသည်ကိုလည်း တွေ့မြင်ခဲ့ရကြောင်း။

ယခုကဲ့သို့ သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုများတွင် ဆက်လက်ကူညီနိုင်ရန်အတွက် ကြက်ခြေနီစေတနာလုပ်အားရှင်အင်အား ပိုမိုတိုးပွားရန် လိုအပ်သကဲ့သို့ လူငယ်ကြက်ခြေနီ စေတနာလုပ်အားရှင်များ တိုးပွားပါဝင်လာရန်လည်း အလွန်လိုအပ်ကြောင်း၊ လူငယ်များကို အခြေခံဖွဲ့စည်းထားသည့် အသင်းဖြစ်သည်နှင့်အညီ လူငယ်အားကိုယူရမည်ဖြစ်သည့်အတွက် နီးနွယ်ဝန်ကြီးဌာနများဖြစ်သည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့နှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်သွားရန် မှာကြားလိုကြောင်း၊ ထို့ပြင် မြို့နယ်ကြက်ခြေနီ အသင်းခွဲများသည်လည်း အခြေခံပညာကျောင်းများတွင် အသင်း၏နည်းဥပဒေပါ ကျောင်းကြက်ခြေနီအသင်းခွဲ ဖွဲ့စည်းပုံအတိုင်း ဖွဲ့စည်းနိုင်ရေးအတွက် သက်ဆိုင်ရာ အခြေခံပညာကျောင်းများနှင့် ချိတ်ဆက်ဆောင်ရွက်နေကြောင်းသိရှိရပြီး လူငယ်ရေးရာဦးစီးဌာနမှ ပြုလုပ်သည့် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲများ၊ နိုင်ငံတကာဆွေးနွေးပွဲများတွင် လူငယ်ကြက်ခြေနီစေတနာလုပ်အားရှင်များ ပါဝင်တက်ရောက်ဆွေးနွေးခွင့်ရခြင်းသည်လည်း လူငယ်များအတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်း၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကြက်ခြေနီစေတနာလုပ်အားရှင်အင်အား တိုးပွားအောင် စည်းရုံးသွားရန် လိုအပ်ကြောင်း၊ စည်းရုံးသည့်အခါတွင်လည်း စေတနာလုပ်အားရှင် (Volunteer) စိတ်ဓာတ်ကိုအခြေခံသည့် အသင်းသူ၊ အသင်းသားများကို ရွေးချယ်သွားရန် အရေးကြီးကြောင်း။

**တတ်နိုင်သည့်ဘက်က ဝိုင်းဝန်းဆောင်ရွက်ပေး**

ယနေ့ခေတ် ကမ္ဘာတစ်ဝန်းတွင် သဘာဝဘေးအန္တရာယ်များသည် ပိုမိုဖြစ်ပွားလာပြီး ထိခိုက်ပျက်စီးဆုံးရှုံးမှုများသည်လည်း ကြီးမားသည့်အတွက် အသင်းအဆင့်ဆင့်တိုင်းတွင် ဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေးအသိပညာ ဗဟုသုတတိုးပွားရေးအပိုင်းများကို ပိုမိုဆောင်ရွက်ရန်လိုအပ်သဖြင့် ဗဟိုကောင်စီဝင်များအနေဖြင့် မိမိတို့တတ်နိုင်သည့်ဘက်က ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း၊ လူမှုကရုဏာလုပ်ငန်းဆိုသည် အပြောလွယ်သလောက် လုပ်ဆောင်မှုအပိုင်းတွင် အလွန်လေးနက်ကျယ်ပြန့်ပါကြောင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် NGO၊ INGO မဟုတ်သော နိုင်ငံအတွင်း သက်တမ်းအရှည်ဆုံး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်း (Humanitarian Organization) ဖြစ်သည်နှင့်အညီ အများအကျိုးအတွက် အစီအစဉ်ကောင်းများ ချမှတ်ကာ စည်းစနစ်ကျကျ ထိရောက်စွာ ကူညီဆောင်ရွက်ပေးကြရန်လိုကြောင်း၊ သို့မှသာ အသင်း၏ ပုံရိပ်လည်း ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း။

**ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များအောင်မြင်အောင်**

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် အမျိုးသားအဆင့် အဖွဲ့အစည်းဖြစ်သည်နှင့်အညီ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် မိမိတို့က ဦးဆောင်ရမည်ဖြစ်ကြောင်း၊ သို့မဟုတ်ပါက မူလအခြေခံကြက်ခြေနီ စိတ်ဓာတ်များ လျော့ပါးသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများကို ဆောင်ရွက်သည့်အခါတွင် နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးရှေးရှု၍ ဒို့တာဝန်အရေး (၃) ပါးကို အမျိုးသားရေးတာဝန်အဖြစ်မှတ်ယူကာ အထူးအလေးထား လိုက်နာဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း၊ ကြက်ခြေနီအသင်းကြီးသည် နိုင်ငံတော်၏အရေး (နိုင်ငံ့အရေး) ကို ဆောင်ရွက်နေရသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်း (Humanitarian Organization) ဖြစ်သည့်အပြင် အသင်းက အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ၂၀၂၁-၂၀၂၅ မဟာဗျူဟာကိုလည်း ပြန်လည်သုံးသပ်ပြီး လိုအပ်ချက်နှင့်အညီ ပြုပြင်ပြောင်းလဲ အကောင်အထည်ဖော်ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ ဗဟိုကောင်စီဝင်ကြီးများ၏ အတွေ့အကြုံများ၊ အသိအမြင်များကို တွန်းအားအဖြစ် အသုံးပြုပြီး အသင်းသူ အသင်းသား၊ ကြက်ခြေနီစေတနာလုပ်အားရှင် လူငယ်များ၏ ခွန်အားဖြင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များကို ပိုမိုအောင်မြင်အောင် ပုံဖော်ကြိုးပမ်း အားထုတ်ပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွှန့်က အသင်း၏ လူမှုကရုဏာလုပ်ငန်း ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် (၈၆) ကြိမ်မြောက် ကြက်ခြေနီဗဟိုကောင်စီ အစည်းအဝေးကို ဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိခရိုင်မှ ကြက်ခြေနီစေတနာလုပ်အားရှင်များက "အများအတွက် ကြက်ခြေနီ" သီချင်းကို စုပေါင်းသီဆိုပြီး ကြက်ခြေနီလှုပ်ရှားမှု မှတ်တမ်းဗီဒီယိုကို ပြသကာ ပြည်ထောင်စုဝန်ကြီးသည် အခမ်းအနားသို့ တက်ရောက်လာသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ နီးနွယ်ဝန်ကြီးဌာနတစ်ခုဖြစ်သော ပညာရေးဝန်ကြီးဌာန အောက်ရှိ အခြေခံပညာကျောင်းများနှင့် ပူးပေါင်းပြီး ကျန်းမာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသည့် ရှေးဦးပြုစုခြင်း (အခြေခံ) သင်တန်းများကို အခြေခံပညာကျောင်းများရှိ ကျောင်းသူ ကျောင်းသား လူငယ်များ ၁၁၂၆၃ ဦးအတွက် ရှေးဦးပြုစုခြင်း အတတ်ပညာများကို သင်ကြားပေးလျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တက္ကသိုလ်၊ ကောလိပ်များတွင် တက္ကသိုလ်၊ ကောလိပ် ကြက်ခြေနီအသင်းခွဲ ၇၉ သင်း ဖွဲ့စည်းထားရှိကာ အသင်းဝင်အင်အား စုစုပေါင်း ၁၁၂၂၃ ဦးရှိကြောင်းနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း (၈၆) ကြိမ်မြောက် ကြက်ခြေနီဗဟိုကောင်စီ အစည်းအဝေးကို ဖေဖော်ဝါရီ ၂၉ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နတ်မောက်မြို့နယ် မျက်ရဲကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေး



**နတ်မောက် ဖေဖော်ဝါရီ ၂၈**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေ ဒသမစက်ဝန်း ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၂၇ ရက်က မျက်ရဲကန်ကျေးရွာ ရွာဦးဘုန်းကြီးကျောင်း၌ ပြုလုပ်သည်။

ရှေးဦးစွာ နတ်မောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးစိုးလင်းထွဋ်က မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများ၊ စီမံကိန်း အကြောင်းအရာများ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ထံ ရန်ပုံငွေလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မျက်ရဲကန်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ အသင်းသား အသင်းသူ ၁၆၆ ဦး ကို ဒသမအကြိမ်မြောက်အဖြစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၆၄ ဒသမ ၄ သန်း ထုတ်ချေးပေးကြောင်း သိရသည်။

နတ်မောက်မြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းအား ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုလက်ရှိ ကျေးရွာပေါင်း ၄၁ ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူးထံမှ သိရသည်။

**သိမ့်သိမ့်မိုး**

# (၇၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်

နေပြည်တော် ဖေဖော်ဝါရီ ၂၈

**(၇၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ ဒုတိယ အကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ပြုလုပ်သည်။ (ယာပုံ)**

**တက်ရောက်**

အစည်းအဝေးသို့ တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းက (၇၉)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားအား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့ ကော်မတီများမှ ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ အဖွင့်အမှာစကား ပြောကြားသည်။

**လုပ်ငန်းဆောင်ရွက်ထားမှုတင်ပြ**

ထို့နောက် သက်ဆိုင်ရာ ကော်မတီများနှင့် လုပ်ငန်းအဖွဲ့များက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို အသေးစိတ် ရှင်းလင်းတင်ပြကြရာ တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းက ရှင်းလင်းတင်ပြမှုများကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နေသော တပ်ဖွဲ့များအား ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်သူများက ထောက်ပံ့ပစ္စည်းများပေးအပ်

တောင်ကြီး ဖေဖော်ဝါရီ ၂၈

**နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်လျက်ရှိရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်သူများက စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၉ နာရီခွဲက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က နိုင်ငံတော်၏ လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်သူ့စစ်တပ်ဖွဲ့များသည် အသက်ကို ပဓာနမထားဘဲ တာဝန်ထမ်းဆောင်နေသော အဖွဲ့များဖြစ်ကြောင်း၊ လိုအပ်သည့် ထောက်ပံ့မှုမျိုးကိုလည်း ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်သူလူထုများအားလုံးက ပေါင်းစပ်ပြီး တာဝန် ထမ်းဆောင်နေသော လုံခြုံရေး တပ်ဖွဲ့ဝင်များကို ထောက်ပံ့ပေးအပ်ခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ရာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အသက်စွန့်လွှတ်ခဲ့ရသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များအား စားသောက်ဖွယ်ရာ ပစ္စည်းနှင့် ငွေကျပ် ၁၅၆ သိန်းကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ပေးအပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းဇော်မိုးနှင့် ဦးစီးအရာရှိ ပထမတန်းပြည်သူ့စစ် ဒုတိယဗိုလ်မှူးကြီး သက်ဦးတို့ကလည်းကောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသည့် ပြည်နယ်ရဲတပ်ဖွဲ့ဝင်များအား အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းဇော်မိုးက ထောက်ပံ့ပစ္စည်းများ ပေးအပ်ရာ ပြည်နယ်ရဲတပ်ဖွဲ့ ဒုတိယရဲမှူးကြီး ကျော်ဝင်းလှိုင်က လည်းကောင်း လက်ခံရယူကြသည်။




ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းဇော်မိုးထံ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အသက်စွန့်လွှတ်ခဲ့ရသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာပစ္စည်းနှင့် ငွေကျပ် ၁၅၆ သိန်း ထောက်ပံ့ပေးအပ်စဉ်။

ထို့နောက် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသည့် PNO အသွင်ပြောင်းပြည်သူ့စစ်(ဌာနေ) အဖွဲ့နှင့် အင်းလေးပြည်သူ့စစ်(ဌာနေ)အဖွဲ့တို့ကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ်စီးပွားရေးရာဝန်ကြီးတို့က စားသောက်ဖွယ်ရာ ပစ္စည်းနှင့် ထောက်ပံ့ငွေများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြကြောင်း သိရသည်။

**မောင်မောင်သန်း(ပြန်/ဆက်)**



ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် တာဝန်ရှိသူများက တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

## ရွှေဈေးနှင့်ပတ်သက်၍ ကောလာဟလများ ထွက်ပေါ်နေမှုများ ရှိနေသည့်အပေါ် သက်ဆိုင်ရာက အရေးယူဆောင်ရွက်နေ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ရွှေဈေးနှင့်ပတ်သက်၍ ကောလာဟလများ ထွက်ပေါ်နေမှုများရှိနေသည့်အပေါ် သက်ဆိုင်ရာ တာဝန်ရှိသူများက အရေးယူဆောင်ရွက်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း(YGEA) ဥက္ကဋ္ဌ ဦးမျိုးမြင့်က ပြောကြားသည်။

"၃၉ သိန်းကျော်သွားတာ လက်ငင်းမဟုတ်ဘူး။ လက်ငင်းက ၃၆သိန်းကျော်ပဲရှိပါတယ်။ ဆိုင်တွေမှာ သွားဝယ်လို့ရပါတယ်။ အခုက အဲဒါတွေက ညဈေးမှာ ရောင်းနေ၊ ဝယ်နေကြတယ်။ အဲ့ဒါတွေလည်း ဌာနဆိုင်ရာက အရေးယူဆောင်ရွက်နေကြတယ်" ဟု ဦးမျိုးမြင့်က ဆိုသည်။

လက်ရှိတွင် ရွှေဈေးနှုန်းနှင့်ပတ်သက်၍လည်း ကောလာဟလသတင်းများ ထွက်ရှိနေပြီး သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် အရေးယူဆောင်ရွက်နေကာ လက်ရှိအကယ်ဒမီ မီးလင်းရွှေဈေးနှုန်း ပေါက်ဈေး ၃၆ သိန်းကျော်သာရှိကြောင်း ၎င်းက ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း (YGEA)၏ ဖေဖော်ဝါရီ ၂၂ ရက် အကယ်ဒမီ မီးလင်းရွှေဈေးကွက်အပိတ်ဈေးနှုန်းမှာ တစ်ကျပ်သားကို ငွေကျပ် ၃၆၅၅၈၀၀ ကျပ်၊ ဖေဖော်ဝါရီ ၂၃ ရက်တွင် တစ်ကျပ်သားကို ငွေကျပ် ၃၆၃၉၆၀၀၊ ဖေဖော်ဝါရီ ၂၄ ရက်တွင် ငွေကျပ် ၃၆၆၃၀၀၀၊ ဖေဖော်ဝါရီ ၂၆ ရက်တွင် ငွေကျပ် ၃၆၆၁၂၀၀၊ ဖေဖော်ဝါရီ ၂၇ ရက်တွင် ငွေကျပ် ၃၆၆၃၀၀၀ နှင့် ဖေဖော်ဝါရီ ၂၈ ရက်တွင် ငွေကျပ် ၃၆၅၅၈၀၀ ဖြစ်ကြောင်း သိရသည်။

**MT**

## မြစ်ကြီးနားမြို့၌ ကချင်ရိုးရာ ဂျပ်ခုတ်နှင့် ရက်ကန်းလုပ်ငန်း သင်တန်းကျောင်းဖွင့်လှစ်



**မြစ်ကြီးနား ဖေဖော်ဝါရီ ၂၈**

ကချင် တစ်မျိုးသားလုံး၏ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက် ကာကွယ်ရေးနှင့် သက်ဆိုင်သော ပဒန်ရှရီ (Padang Shayi) ကချင်ရိုးရာ ဂျပ်ခုတ်နှင့် ရက်ကန်းလုပ်ငန်း သင်တန်းကျောင်းဖွင့်ပွဲ (ကောင်ချီး ခံယူဆုတောင်းဝတ်ပြုပွဲ) အခမ်း အနားကို ဖေဖော်ဝါရီ ၂၇ ရက်က မြစ်ကြီးနားမြို့ ပ.လ.န အမှတ်(၂) ကုံ့ကော်မြိုင် ကျေးရွာရှိ အဆိုပါ သင်တန်းကျောင်း၌ ကျင်းပ သည်။ **(ယာပုံ)**

ဦးစွာ အမှုတော်ဆောင်ဆရာ ဦးဇော်အောင်က အဖွင့်နှုတ် ကပတ်တော် ဖတ်ကြားကာ တက်ရောက်လာသည့် ဧည့်သည် တော်များ၊ အသင်းသူ အသင်းသား များနှင့်အတူ ဓမ္မတေးသီချင်းဖြင့် ချီးမွမ်းသီဆိုကြပြီး သင်းအုပ်ဆရာ ဦးလဆိုင်းက အဆိုပါ သင်တန်း ကျောင်းအတွက်ပြည့်စုံဆုတောင်း ပေးခြင်း၊ သမ္မာကျမ်းစာဝေငှခြင်း နှင့် ကောင်းချီးပေး ဆုတောင်းပေး သည်။

အဆိုပါ သင်တန်းကျောင်းကို ဒေသခံတိုင်းရင်းသူ အမျိုးသမီး များ ရိုးရာအမွေအနှစ်ကို ချစ်မြတ် နိုးတတ်စေရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိလာစေ ရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် နောက်ပိုင်းတွင် ကချင်ရိုးရာ အထည်များသည် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဈေးကွက်တွင် ရောင်းအား အကောင်းဆုံးဖြစ်လာပြီး အဆိုပါ ကချင်ရိုးရာ ဂျပ်ခုတ်နှင့် ရက်ကန်းလုပ်ငန်း ကျွမ်းကျင်သူ များအနေဖြင့် အနည်းဆုံး တစ်လဝင်ငွေကျပ် ရှစ်သိန်း ဝန်းကျင်ရှိကြောင်း ပဒန်ရှရီ သင်တန်းကျောင်း တည်ထောင်သူ ဒေါ်အင်ဒဲဂျာ ဆမ်အောင်ထံမှ သိရသည်။

ယော်ဆောင်
(ပြန်/ဆက်)

## မိုင်းပျဉ်းမြို့၌ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်ကတ်ပြားများ ထုတ်ပေး

**မိုင်းပျဉ်း ဖေဖော်ဝါရီ ၂၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် မိုင်းပျဉ်းမြို့ အခြေခံပညာ အထက်တန်းကျောင်း စာစစ်ဌာန၌ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ ဝင်ရောက်ဖြေဆိုခွင့်ကတ်များကို ဖေဖော်ဝါရီ ၂၇ ရက်မှစ၍ ထုတ်ပေး နေပြီဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**

မိုင်းပျဉ်းမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း စာစစ်ဌာန၌ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူ ၃၃ ဦးရှိပြီး ဖြေဆိုခွင့်ကတ်ပြားများကို စတင် ထုတ်ပေးနေပြီဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်တွင် စတင်ဖြေဆိုကြမည်ဖြစ်၍ ကျောင်းသား ကျောင်းသူ များ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူ များက လိုအပ်သည်များ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နန်းသန္တာဦး(ပြန်/ဆက်)**



## မြို့နယ်များ၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာသိကောင်းစရာများ အသိပညာပေး

**နိုင်ငံတစ်ဝန်းရှိ မြို့နယ်များမှ ဒေသခံပြည်သူများ ပြည်သူ့စစ်မှုထမ်း ဥပဒေဆိုင်ရာများနှင့် စပ်လျဉ်း၍ သိရှိသဘောပေါက် နားလည်စေရန် နှင့် ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်စေရန်အတွက် ဟောပြောပွဲများ ကျင်းပနေမှုကို စုစည်းဖော်ပြအပ်ပါသည်-**



### သာယာဝတီ

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့ ဆရာစံခန်းမ၌ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဦးဆောင်ကျင်းပသည့် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာ အသိပညာပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၆ ရက်က ကျင်းပရာ တိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီး ဦးတင်ဦးက ပြည်သူ့ စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြား သည်။

ယင်းနောက် တိုင်းဒေသကြီး ဥပဒေချုပ် ဦးခင်မောင်တင့်က ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အကြောင်းအရာများ၊ စစ်မှုထမ်းရမည့် အသက်အရွယ် အပိုင်းအခြား သတ်မှတ်ထားရှိမှု၊ ပြည်သူ့စစ်မှုထမ်းခြင်း မှ ရှောင်လွှဲပါက ကျခံရမည့်ပြစ်ဒဏ်များ၊ ဥပဒေပါပြဋ္ဌာန်းချက်များနှင့် နိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့် စိုးရိမ်ရန်မလိုသည့် အကြောင်းအရာ များ၊ အကျိုးခံစားခွင့်များ၊ ဥပဒေနှင့် စပ်လျဉ်း၍ လူမှုကွန်ရက်စာမျက်နှာ များတွင် ကောလာဟလ သတင်းများ ပျံ့နှံ့လာမှုအပေါ် ယုံကြည်မှုမရှိ စေရန် စသည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် ဒေသခံပြည်သူ ၂၀၀ ခန့်ကို ပြည်သူ့စစ်မှုထမ်း ဥပဒေဆိုင်ရာ သိကောင်းစရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

### ရေဦး

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ရွှေနဒီဦးခန်းမ၌ ဖေဖော်ဝါရီ ၂၇ ရက် မွန်းလွဲ ၁ နာရီက ပြည်သူ့ စစ်မှုထမ်းဥပဒေဆိုင်ရာ ဆွေးနွေးပွဲပြုလုပ်ရာ ခရိုင်စီမံ အုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးမင်းသူရက ဆွေးနွေးပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းနိုင်ထွန်း၊ မြို့နယ်တရားသူကြီး ဦးဆန်းမင်းထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဟန်ဝင်းလှိုင်တို့က ပြည်သူများသိရှိရန် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ များနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။ ထို့နောက် ခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ခရိုင်နှင့် မြို့နယ်များတွင် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့ ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ စစ်မှုထမ်းဆောင်ရန်အတွက် သင်တန်းတစ်ပတ်စဉ်လျှင် လူဦးရေ၅၀၀၀ ခေါ်ယူမည်ဖြစ်ပြီး သင်တန်း အမှတ်စဉ် (၁)အတွက် အကျုံးဝင်သူ အမျိုးသားများကိုသာ စတင် ခေါ်ယူသွားမည်ဖြစ်ကြောင်း ဖြည့်စွက်ပြောကြားသည်။

**သန်းသန်း(ရေဦး)**

### မြင်းခြံ

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ရွာစည်တောင်ဘုန်းတော်ကြီး ကျောင်း၌ ဖေဖော်ဝါရီ ၂၇ ရက်က ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာ အသိပညာပေးဆွေးနွေးပွဲကျင်းပရာ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းစိန်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးနှင့် မြို့နယ်ဥပဒေအရာရှိတို့က ပြည်သူ့စစ်မှုထမ်းဥပဒေအကြောင်း ရှင်းလင်းဆွေးနွေးပြီး ယင်းနှင့် ပတ်သက်သည့် သတင်းတု၊ သတင်းအမှားများကို မယုံကြည်ကြစေရန် နှင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်း ဆွေးနွေးဟောပြောသည်။

ထို့နောက် တက်ရောက်လာသူများ၏ မေးမြန်းဆွေးနွေးမှုများအား တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြားပေးခဲ့ပြီး ပြည်သူ့စစ်မှု ထမ်းဥပဒေဆိုင်ရာ သိကောင်းစရာ သတင်းစကားလက်ကမ်း စာစောင် များကို ဖြန့်ဝေပေးခြင်းနှင့် ကျေးရွာအတွက် ဗုဒ္ဓရုပ်ပွားတော်များ လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

### အုတ်တွင်း

ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၇ ရက် နံနက်ပိုင်းက အုတ်တွင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန သီရိရတနာခန်းမ၌ ကျင်းပရာ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးမြင့်ဇော်က ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာများ ကို တက်ရောက်လာသည့် ပြည်သူများအား ရှင်းလင်းပြောကြားပြီး ပြည်သူများ ပြည်သူ့စစ်မှုထမ်းဥပဒေအကြောင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်ရည်ရွယ်၍ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**အေမင်းရည်စော(ပြန်/ဆက်)**



ကျိုက်ထိုမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းစိုး နှင့် အဖွဲ့ဝင်များ ဖေဖော်ဝါရီ ၂၇ ရက်က လူစည်ကားရာ နေရာများ၌ ပြည်သူ့စစ်မှုထမ်း ဥပဒေဆိုင်ရာ လက်ကမ်း စာစောင်များ ဖြန့်ဝေပေးစဉ်။
ကျိုက်ထို(ပြန်/ဆက်)



ဟိုပုံးမြို့နယ်ရှိ ပြည်သူများ ပြည်သူ့စစ်မှုထမ်း ဥပဒေနှင့် ပတ်သက်၍ ကျယ်ကျယ် ပြန့်ပြန့် သိရှိစေရန်အတွက် ဖေဖော်ဝါရီ ၂၇ ရက်က သီရိမင်္ဂလာ ရွှေချမ်းသာ မွေတော် ဘုရားကြီးရှေ့၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာ လက်ကမ်း စာစောင်များ ဖြန့်ဝေပေးစဉ်။
ပအိုဝ်းဒေသ(ပြန်/ဆက်)



ဆိုမာလီယာနိုင်ငံ မိုဂါဒစ်ရှူးမြို့ အလယ်ပိုင်းရှိ အစားအစာဖြန့်ဖြူးရေးစင်တာတစ်ခု၌ ကလေးငယ်များ အစားအစာရရှိရေး တန်းစီစောင့်ဆိုင်းနေစဉ်။

# အာဖရိကဦးချိုဒေသတွင် စားနပ်ရိက္ခာမဖူလုံမှုနှင့် လူပေါင်း ၅၈ သန်းကျော် ရင်ဆိုင်နေရ

**နိုင်ရိုဘီ ဖေဖော်ဝါရီ ၂၈**

အာဖရိကဦးချိုဒေသတွင် လူပေါင်း ၅၈ ဒသမ ၁ သန်းခန့်မှာ စားနပ်ရိက္ခာမဖူလုံမှုနှင့် ရင်ဆိုင်နေရကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို)နှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစိုးရအချင်းချင်းပူးပေါင်း ဆောင်ရွက်ရေး (အိုင်ဂျီအေဒီ) အဖွဲ့တို့က ဖေဖော်ဝါရီ ၂၇ ရက်တွင် ထုတ်ပြန်သည့် ပူးတွဲအစီရင်ခံစာတွင် ဖော်ပြထားသည်။

၎င်းတို့ထဲမှ ၃၀ ဒသမ ၅ သန်းမှာ အိုင်ဂျီအေဒီအဖွဲ့ဝင်နိုင်ငံများအနက် ခြောက်နိုင်ငံဖြစ်သည့် ဂျီဘူတီ၊ ကင်ညာ၊ ဆိုမာလီယာ၊ တောင်ဆူဒန်၊ ဆူဒန်နှင့် ယူဂန္ဓာနိုင်ငံတို့မှဖြစ်ကြောင်း အက်ဖ်အေအိုနှင့် အိုင်ဂျီအေဒီက ပြောသည်။ အခြား ၂၇ ဒသမ ၆ သန်းမှာ ဘူရွန်ဒီ၊ ဗဟိုအာဖရိက၊ ကွန်ဂိုနှင့် တန်ဇန်းနီးယားနိုင်ငံတို့မှဖြစ်ကြောင်း သိရသည်။

စားနပ်ရိက္ခာမဖူလုံသူအများစုဖြစ်သည့် ၂၃ ဒသမ ၄ သန်းမှာ ကွန်ဂိုနိုင်ငံမှဖြစ်ပြီး ၎င်းနောက်တွင် ဆူဒန် နိုင်ငံက ၁၇ ဒသမ ၇ သန်းနှင့် တောင်ဆူဒန်နိုင်ငံက လေးသန်းဖြင့် အများဆုံးဖြစ်ကြောင်း အက်ဖ်အေအိုနှင့် အိုင်ဂျီအေဒီက ပြောသည်။

ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းရေးရုံး၏ ထုတ်ပြန်ချက်အရ ကင်ညာ၊ ဆိုမာလီယာ၊ ယူဂန္ဓာ၊ ဘူရွန်ဒီနှင့် အီသီယိုးပီးယားနိုင်ငံတို့၌ ၂၀၂၃ ခုနှစ် အောက်တိုဘာလနှင့် ဒီဇင်ဘာလကြားတွင် အယ်နီညိုရာသီဥတုနှင့် ဆက်စပ်သော ရေကြီးရေလျှံမှုဖြစ်စဉ်များကြောင့် လူပေါင်း ၅ ဒသမ ၂ သန်းကျော် ရေဘေးသင့်ခဲ့ပြီး ၄၇၉ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

# အစ္စရေးတပ်ဖွဲ့ ဆက်လက်တိုက်ခိုက်မှုကြောင့် ဂါဇာရှိပြည်သူများ ငတ်မွတ်ခေါင်းပါးမှုဘေးကြုံရန် နီးကပ်လာ

**နယူးယောက် ဖေဖော်ဝါရီ ၂၈**

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်နေသည့်ကြားတွင် အစ္စရေးတပ်ဖွဲ့က ၎င်းတို့၏တိုက်ခိုက်မှုကို ဆက်လက်လုပ်ဆောင်နေသည့်အတွက် ဂါဇာကမ်းမြောင်ရှိ ပြည်သူများသည် ငတ်မွတ်ခေါင်းပါးမှုဘေးနှင့်ကြုံရန် နီးကပ်လာပြီဖြစ်ကြောင်း ကုလသမဂ္ဂက သတိပေးပြောကြားလိုက်သည်။

၎င်းတို့ တပ်ဖွဲ့သည် ဟားမားစ်တို့၏ လက်နက်ထုတ်လုပ်သောစက်ရုံနှင့် သိုလှောင်ရုံများကို တွေ့ရှိခဲ့သည်ဟု ဖေဖော်ဝါရီ ၂၇ ရက်တွင် အစ္စရေးစစ်ဘက်က ပြောသည်။ အစ္စရေးစစ်ဘက်က ၎င်းတို့၏ လေကြောင်းတိုက်ခိုက်မှုနှင့် မြေပြင်ထိုးစစ်ဆင်မှုများကို ရိုက်ယူထားသော ရုပ်သံဖိုင်တစ်ခုနှင့် ဟားမားစ်တို့အသုံးပြုသော လက်နက်များဟု ယူဆရသည့်ဓာတ်ပုံများကို လူမှုကွန်ရက်သို့ တင်ခဲ့သည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ၉၆ ဦး သေဆုံးခဲ့ကြောင်း ဂါဇာကျန်းမာရေးအာဏာပိုင်များက ဖေဖော်ဝါရီ ၂၇ ရက်တွင် ပြောသည်။ ဂါဇာကမ်းမြောင်တွင် တိုက်ပွဲများ ပြင်းထန်လာမှုက စားနပ်ရိက္ခာမဖူလုံမှုကို ဦးတည်စေပြီး လူဦးရေ လေးပုံတစ်ပုံခန့်မှာ ငတ်မွတ်ခေါင်းပါးမှုဘေးနှင့် ရင်ဆိုင်ရရန် လက်တစ်ကမ်းအလို ရောက်ရှိလာပြီဖြစ်ကြောင်း ကုလသမဂ္ဂတာဝန်ရှိသူတစ်ဦးက ပြောသည်။

တိုက်ပွဲများခေတ္တရပ်ရန်၊ ဓားစာခံများပြန်လွှတ်ပေးရေးနှင့်ပတ်သက်ပြီး ဆွေးနွေးညှိနှိုင်းမှုမှာ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ



ဂါဇာကမ်းမြောင်တောင်ပိုင်း ရာဖာမြို့ရှိ နေရပ်စွန့်ခွာလာသော ပါလက်စတိုင်းများအား အစားအစာ ဝေငှနေမှုကို ဖေဖော်ဝါရီ ၁၈ ရက်က တွေ့ရစဉ်။



# ၂၀၂၃ ခုနှစ်တွင် ဆော်ဒီအာရေဗျနိုင်ငံ၌ ပြည်တွင်း ပြည်ပခရီးသွား ၁၀၆ ဒသမ ၂ သန်း ရှိခဲ့

**ရီယာ့ဒ် ဖေဖော်ဝါရီ ၂၈**

ဆော်ဒီအာရေဗျနိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် ပြည်တွင်း ပြည်ပခရီးသွား ၁၀၆ ဒသမ ၂ သန်း ရှိခဲ့ကြောင်း ခရီးသွားလုပ်ငန်းဝန်ကြီးဌာနက ဖေဖော်ဝါရီ ၂၇ ရက်တွင် ပြောသည်။

ခရီးသွား အရေအတွက် စုစုပေါင်းမှာ ၂၀၁၉ ခုနှစ်မှ ၅၆ ရာခိုင်နှုန်းမြင့်တက်လာပြီး ၂၀၂၂ ခုနှစ်မှ ၁၂ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။ နိုင်ငံတကာ ခရီးသွားအရေအတွက် စုစုပေါင်းမှာ ၂၇ ဒသမ ၄ သန်းအထိ ရှိခဲ့ပြီး ၂၀၁၉ ခုနှစ်မှ ၅၆ ရာခိုင်နှုန်း မြင့်တက်လာကာ ၂၀၂၂ ခုနှစ်မှ ၆၅ ရာခိုင်နှုန်းအထိ မြင့်တက်လာကြောင်း သိရသည်။

အဆိုပါ မှတ်တိုင်များက ဆော်ဒီအာရေဗျနိုင်ငံကို ထွန်းသစ်စကမ္ဘာ့ခရီးသွားအင်အားကြီးနိုင်ငံအဖြစ် ပေါ်ထွက်လာစေခဲ့ပြီး အာဏာပိုင်များကိုလည်း ၂၀၃၀ ပြည့်နှစ်မတိုင်မီတွင် ခရီးသွားသန်း ၁၅၀ ကို ကြိုဆိုနိုင်ရေးအတွက် ရည်မှန်းချက်အသစ်တစ်ခုချမှတ်နိုင်ရန် တွန်းအားတစ်ရပ်ဖြစ်စေခဲ့ကြောင်း ခရီးသွားလုပ်ငန်းဝန်ကြီးဌာနက ပြောသည်။

ပြည်တွင်းနှင့် ပြည်ပခရီးသွားများသည် ၂၀၂၃ ခုနှစ်တွင် အမေရိကန် ဒေါ်လာ ၆၆ ဒသမ ၆၆ ဘီလီယံသုံးစွဲမှု ရှိခဲ့ကြောင်း သိရသည်။ ယင်းက ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှု (ဂျီဒီပီ)၏ ၄ ရာခိုင်နှုန်းကျော်နှင့် ရေနံမဟုတ်သောဂျီဒီပီ၏ ၇ ရာခိုင်နှုန်းကို ကိုယ်စားပြုသည့်အတွက် ခရီးသွားလုပ်ငန်းကဏ္ဍသည် နိုင်ငံ၏ စီးပွားရေးကို အရေးပါသော ထောက်ပံ့မှုတစ်ခု ဖြစ်လာခဲ့သည်။

ဆင်ဟွာ

# ဆက်သွယ်ရေးလိမ်လည်မှုသံသယရှိသူ ၂၆၈ ဦးကို လာအိုနိုင်ငံမှ တရုတ်နိုင်ငံသို့ လွှဲပြောင်း

**ပေကျင်း ဖေဖော်ဝါရီ ၂၈**

နယ်စပ်ဖြတ်ကျော် ဆက်သွယ်ရေးလိမ်လည်မှုတွင် ပါဝင်သော သံသယရှိသူ ၂၆၈ ဦးကို လာအိုနိုင်ငံမှ တရုတ်နိုင်ငံသို့ လွှဲပြောင်းပေးလိုက်ပြီဖြစ်ကြောင်း ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၂၈ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။

ရာဇဝတ်မှုများအတွက် ရန်ပုံငွေထူထောင်မှုတွင် ဆောင်ရွက်ခဲ့သူ ရှစ်ဦး၊ ရာဇဝတ်ဂိုဏ်းခေါင်းဆောင် ၅၄ ဦးနှင့် အဓိကအဖွဲ့ဝင်များအပါအဝင် သံသယရှိသူများသည် တရုတ်နိုင်ငံ ဒေသအများအပြား၌ ဆက်စပ်ဖြစ်စဉ် ၁၅၇၀ ကျော်တွင် ပါဝင်ပတ်သက်သူများဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါဖမ်းဆီးမှုသည် တရုတ်နှင့် လာအိုရဲတပ်ဖွဲ့အာဏာပိုင်တို့အကြား ရဲတပ်ဖွဲ့ပူးပေါင်းဆောင်ရွက်ရေးတွင် အရေးပါသော နောက်ထပ် အောင်မြင်မှုတစ်ခုဖြစ်ကြောင်း ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနက ပြောသည်။ တရုတ်ရဲတပ်ဖွဲ့သည် လာအိုနိုင်ငံတွင် ရာဇဝတ်မှုဖြစ်ပွားရာနေရာအများအပြားကို နှစ်နိုင်ငံမှ ရဲတပ်ဖွဲ့ဝင်များ စီးနင်းရှာဖွေရေးတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် ဇန်နဝါရီလတွင် လာအိုနိုင်ငံသို့ အထူးအဖွဲ့တစ်ဖွဲ့ စေလွှတ်ခဲ့သည်။

အဆိုပါ လှုပ်ရှားမှုအတွင်း သံသယရှိသူများကို ဖမ်းဆီးရမိပြီး ရာဇဝတ်မှုဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများတွင် အသုံးပြုသော မိုဘိုင်းဖုန်းနှင့် ကွန်ပျူတာအလုံး ၂၄၀၀ ကျော်ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ ဆက်စပ်ဖြစ်စဉ်များနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနသည် ရာဇဝတ်မှုကျူးလွန်သူများကို နှိမ်နင်းနိုင်ရေးအတွက် သက်ဆိုင်ရာ နိုင်ငံများနှင့်အလေးအနက်ထား ပူးပေါင်းဆောင်ရွက်သွားရန်၊ ဆက်စပ်ရာဇဝတ်မှုများကို ဟန့်တားထိန်းချုပ်ရန်နှင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်သွားရန် ကတိပြုခဲ့သည်။

ဆင်ဟွာ

# ဖိလစ်ပိုင်နိုင်ငံ၌ မီးလောင်မှုဖြစ်ပွား၊ လေးဦးသေဆုံး

**မနီလာ ဖေဖော်ဝါရီ ၂၈**

ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်း စီဘူးမြို့၌ နေအိမ်ဒါဇင်ကျော် မီးလောင်မှုအတွင်း အသက် ၆၀ အရွယ်ဖခင်၊ အသက် ၅၄ နှစ် အရွယ် မိခင်နှင့် အသက် ၁၄ နှစ်နှင့် ၁၂ နှစ်အရွယ် ၎င်းတို့၏သားနှစ်ဦးတို့ သေဆုံးခဲ့ကြောင်း မီးသတ်သမားတစ်ဦးက ဖေဖော်ဝါရီ ၂၈ ရက်တွင် ပြောသည်။

သေဆုံးသူများမှာ ဖေဖော်ဝါရီ ၂၇ ရက် ဒေသစံတော်ချိန် နံနက် ၂ နာရီမထိုးမီ မီးလောင်မှုဖြစ်ပွားစဉ် အိပ်မောကျနေခဲ့ကြကြောင်း မြို့မီးသတ်ရုံးက ပြောသည်။ မီးဘေးမှ လွတ်မြောက်လာသော အဆိုပါဇနီးမောင်နှံ၏ သမီးဖြစ်သူက ၎င်းမိဘနှင့်မောင်တို့မှာ အိမ်၏ တတိယအထပ်တွင် အိပ်နေခဲ့ကြကြောင်း စုံစမ်းစစ်ဆေးသူများအား ပြောသည်။ မီးလောင်မှုကြောင့် အခြားမိသားစုဝင် ရှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ပြောသည်။ အဆိုပါမီးလောင်မှုကို အချိန်သုံးနာရီကြာ ငြိမ်းသတ်ခဲ့ရကြောင်း သိရသည်။

ဆင်ဟွာ

# EV ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၅၀ ပြည့်နှစ်အထိ မူဝါဒများကို ချမှတ်ဆောင်ရွက်လျက်ရှိ





**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

EV Battery စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမူဝါဒ (မူကြမ်း) ရေးဆွဲခြင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၄) ကို ယမန်နေ့ နံနက်ပိုင်းတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၌ ကျင်းပသည်။

ဦးစွာ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက အမျိုးသားအဆင့်လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီက နိုင်ငံတော်တွင် အခြားနိုင်ငံများနည်းတူ EV ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၅၀ ပြည့်နှစ်အထိ မူဝါဒများကို ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ EV သုံးစွဲမှုများ မြင့်တက်လာပါက ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ရာတွင် အထောက်အကူပြုစေပြီး ရုပ်ကြွင်းလောင်စာအပေါ် မှီခိုရမှုနှင့် စက်သုံးဆီအတွက် နိုင်ငံခြားငွေ ကုန်ကျစရိတ်များနှင့် ပြည်သူများ၏ စက်သုံးဆီကုန်ကျစရိတ်တို့ကိုပါ လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ယင်းအပြင် နိုင်ငံ့မြို့ကြီးများတွင် လေထုအရည်အသွေးညွှန်းကိန်းများကို မြင့်မားစေပြီး ပြည်သူများအတွက် သန့်ရှင်းသော လေထုမှတစ်ဆင့် ကျန်းမာရေးကောင်းမွန်စေသည့် ဆုလာဘ်များကိုပါ တစ်ပါတည်း ရရှိနိုင်မည်ဖြစ်ပါကြောင်း။

EV ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ EV Battery စွန့်ပစ်ပစ္စည်းများ ရှိလာမည်ဖြစ်ရာ နိုင်ငံ့ရေရှည် အကျိုးစီးပွားဖြစ်ထွန်းရန် မျှော်မှန်းကာ ဘက်ထရီများကို စွန့်ပစ်ခြင်းနှင့် ပြန်လည်အသုံးပြုခြင်းမှ ဖြစ်ပေါ်စေသော Environmental Footprint သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများကို ဖြေရှင်းရန် မူဝါဒများ၊ လုပ်ငန်းစဉ်များ ရေးဆွဲချမှတ်ရန် လိုအပ်ပါကြောင်း၊ ဘက်ထရီထုတ်လုပ်ရေးအတွက် သုံးစွဲရသည့် သယံဇာတရင်းမြစ်များသည် အကန့်အသတ်ရှိသဖြင့် အချိန်မတိုင်မီ စွန့်ပစ်ခြင်းမှ ကြိုတင်ကာကွယ်မှု (Prevention)၊ ပထမသက်တမ်းတွင် EV အတွက် အသုံးပြုပြီး ဘက်ထရီဆဲလ်များကို ဒုတိယသက်တမ်းတွင် ပြန်ပြည့်မြဲစွမ်းအင်စနစ်များနှင့် လျှပ်စစ်ဓာတ်အားစနစ်ရှိ စွမ်းအင်သိုလှောင်စနစ်များအတွက် ပြန်လည်အသုံးပြုခြင်း (Reuse)၊ ဘက်ထရီများရှိ အဖိုးတန် ဓာတ်သတ္တုပစ္စည်းများကို ပြန်လည်ထုတ်ယူ အသုံးချခြင်း (Recycling)၊ ပြန်လည်ရယူခြင်း (Recovery)၊ ဘက်ထရီများရှိ အဖိုးတန်ပစ္စည်းများ လုံးဝကုန်ဆုံးချိန်မှသာ စွန့်ပစ်ခြင်း (Disposal) တို့အတွက် လုပ်ငန်းစဉ်များ အလိုက် စည်းမျဉ်းစည်းကမ်းနှင့် လိုက်နာရမည့် အချက်များကို ရေးဆွဲရန် လိုအပ်ပါကြောင်း၊ စနစ်တကျ ချမှတ်ထားသော မူဝါဒတစ်ခုသည် ဘက်ထရီစွန့်ပစ်ခြင်းနှင့် ဆက်စပ်နေသော သဘာဝပတ်ဝန်းကျင်သို့ ဆိုးကျိုးများ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်နှင့် ကျန်းမာရေးထိခိုက်မှုများကို လျှော့ချပေးရုံသာမက ဘက်ထရီပြန်လည်အသုံးပြုသည့် နည်းပညာများတွင် ဆန်းသစ်တီထွင်မှုကို တွန်းအားပေးနိုင်မည်ဖြစ်ပြီး နိုင်ငံတော်တွင် Circular Economy Waste Management စနစ် ဖွံ့ဖြိုးလာစေရန် အထောက်အကူပြုနိုင်ပါကြောင်း၊ ယနေ့ခေတ်တွင် လျှပ်စစ်သုံးယာဉ် ဘက်ထရီနည်းပညာများသည် လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်နေပြီး စွမ်းအင်သိပ်သည်းဆ ပိုမြင့်မားကာ ဆိုးကျိုးသက်ရောက်မှု လျှော့ချနိုင်၍ အားသွင်းချိန်ပိုမြန်ပြီး ခရီးအကွာအဝေး ပိုမိုသွားလာနိုင်သော ဘက်ထရီသစ်များလည်း ပေါ်ပေါက်လာပြီဖြစ်ရာ ၎င်းနည်းပညာအရွေ့တို့နှင့်အတူ အမီလိုက်ပါ ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် မွမ်းမံဖြည့်စွက်သွားရန် လိုအပ်ပါကြောင်း၊ အရည်အသွေးပြည့်မီသော လူ့စွမ်းအားအရင်းအမြစ်များ ပျိုးထောင်မွေးထုတ်ရန်၊ သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေးတို့ကို ဌာနနှင့် အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း တိုက်တွန်းပြောကြားသည်။

အစည်းအဝေးသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ပြင်ပအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက် ဆွေးနွေးကြရာ ဆွေးနွေးမှုများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ဦးဆောင်ကော်မတီသို့ ဆက်လက်တင်ပြသွားရေး ဆောင်ရွက်ရန်နှင့် လိုအပ်သည်များကို မှာကြားကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး ဥတ္တရသီရိမြို့နယ်တွင် နေပြည်တော်ကုသရေးဦးစီးဌာနမှ ကွင်းဆင်းဆေးကုသပေးနေမှု ကြည့်ရှုအားပေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

နေပြည်တော် ကောင်စီဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ကုသရေးဦးစီးဌာနမှ ဦးဆောင်၍ ပျဉ်းမနားပြည်သူ့ဆေးရုံကြီး ခုတင် (၂၀၀)နှင့် တပ်ကုန်းမြို့ပြည်သူ့ဆေးရုံ ခုတင် (၁၀၀) တို့မှ အထူးကုဆရာဝန်များ ပါဝင်သောအဖွဲ့က နေပြည်တော် ဥတ္တရသီရိမြို့နယ် ရွှေနံ့သာရပ်ကွက် မင်းကုန်းကျေးရွာအုပ်စု၊ မောင်းရမ်းကျေးရွာအုပ်စုနှင့် ဇလောင်းကျေးရွာအုပ်စုများအတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူများအား ဇလောင်းကျေးရွာအုပ်စု ရာဇဓာနီသာမဏေကျော် ကျောင်းတိုက်၌ အခမဲ့ဆေးကုသပေးပြီး ကျန်းမာရေး စောင့်ရှောက်ပေးနေမှုနှင့် ဥတ္တရသီရိ မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး ကျောင်းများနှင့် သီလရှင်ကျောင်းများမှ သံဃာတော်များနှင့် သီလရှင်များကို Mobile Team အဖွဲ့များက အသည်းရောင်အသားဝါ ဘီပိုးကာကွယ်ဆေး တတိယအကြိမ်ပြည့် ထိုးနှံပေးနေမှုများကို ကြည့်ရှုအားပေးသည်။ (ဓာတ်ပုံ)



ဦးစွာ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများသည် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ရာဇဓာနီသာမဏေကျော်ကျောင်းတိုက် ပဓာနနာယက ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတေဇော ဘာသမထေရ်မြတ်အား ဖူးမြော်ကြည်ညိုပြီး ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှုအားပေးရာ ကျန်းမာရေးဝန်ကြီးဌာန ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းနိုင်စိုး၊ ဥတ္တရခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ခွဲစိတ်အထူးကု၊ ကလေးအထူးကု၊ မျက်စိအထူးကု၊ သားဖွားမီးယပ်အထူးကု၊ သွားအထူးကု၊ အရိုးအထူးကုဆရာဝန်ကြီးများဖြင့် ဒေသခံပြည်သူများအား အခမဲ့ဆေးကုသပေးနေမှု အခြေအနေများကို ရှင်းလင်းပြသကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများက ဒေသခံပြည်သူများအား ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားတော်များကို ပေးအပ်ကြသည်။

ယနေ့ ဥတ္တရသီရိမြို့နယ်အတွင်းရှိ ဘီပိုးကာကွယ်ဆေး ထိုးနှံပြီးသည့် သံဃာတော် ၂၂ ပါးနှင့် ကျေးရွာများမှ ဒေသခံပြည်သူများအား ဆေးကုသပေးပြီး ကျန်းမာရေးစောင့်ရှောက်ပေးရာတွင် အထူးကုဆရာဝန်များက အထွေထွေရောဂါအထူးကုလူနာ ၁၀၇ ဦး၊ မျက်စိလူနာ ၇၈ ဦး၊ ခွဲစိတ်လူနာ ၁၇ ဦး၊ အရိုးလူနာ ၆၂ ဦး၊ ကလေးလူနာ ၂၇ ဦး၊ သားဖွားမီးယပ်လူနာ ၂၆ ဦး၊ သွားနှင့် ခံတွင်းလူနာ ၁၉ ဦး စုစုပေါင်းလူနာ ၃၃၆ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ပြီး လူနာ ၁၅ ဦးကို ဆေးရုံကြီးများသို့ လွှဲပြောင်း၍ ကုသပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြင်ဦးလွင်မြို့တွင် ခရိုင်အဆင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးနှင့် တောမီးအန္တရာယ်ဆိုင်ရာလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ



**ပြင်ဦးလွင် ဖေဖော်ဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့တွင် ခရိုင်အဆင့် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးနှင့် တောမီးအန္တရာယ်ဆိုင်ရာ လုပ်ငန်းကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် ပြင်ဦးလွင်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)

အခမ်းအနားသို့ ခရိုင်အဆင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးနှင့် တောမီးအန္တရာယ်ဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးသန့်ဇော်ဦးက အမှာစကားပြောကြားပြီး မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးနှင့် တောမီးအန္တရာယ်ဆိုင်ရာများနှင့် ပတ်သက်၍ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးသီဟက ပါဝါပွိုင့်ဖြင့် ရှင်းလင်းဆွေးနွေး တင်ပြသည်။ ထို့နောက် တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီဝင်များက ဆွေးနွေးပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌက ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားသည်။

မြန်မာနိုင်ငံသည် နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ အာဆီယံသဘောတူညီချက် (ASEAN Agreement on Transboundary Haze Pollution-AATHP) ကို ၂၀၀၂ ခုနှစ် ဇွန်လတွင် လက်မှတ်ရေးထိုးခဲ့ပြီး မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သော (၁၀) ကြိမ်မြောက် မဲခေါင်ဒေသခွဲနိုင်ငံများ၏ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးတွင် အာဆီယံနိုင်ငံများ၏ မီးလောင်မှု Hotspot အရေအတွက် ၂၀ ရာခိုင်နှုန်း လျှော့ချနိုင်ရေး အဆိုပြုချက်အပေါ် ထည့်သွင်းစဉ်းစားဆောင်ရွက်နိုင်ရန် လိုအပ်သဖြင့် ခရိုင်အဆင့် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးနှင့် တောမီးအန္တရာယ်ဆိုင်ရာ လုပ်ငန်းကော်မတီများ ဖွဲ့စည်းပြီး လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ဖြူလူသစ် (ခရိုင် ပြန်/ဆက်)**

# PDF အမည်ခံအကြမ်းဖက်သမားများက ထားဝယ်နည်းပညာတက္ကသိုလ်ရှိ ဒုတိယပါမောက္ခချုပ်အပါအဝင် သုံးဦးအား အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**
PDF အမည်ခံ အကြမ်းဖက်သမားများသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ဆင်ခြင်တုံတရားမဲ့စွာဖြင့် နည်းမျိုးစုံအသုံးပြုလျက် လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် နှောင့်ယှက်တိုက်ခိုက်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၁၁ နာရီခွဲခန့်တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ဘုရားမဲကျေးရွာအနီး လုံခြုံရေး ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား PDF အမည်ခံ အကြမ်းဖက်သမားများက ကျေးရွာ၏ တောင်ဘက်မီတာ ၁၀၀ ခန့်အကွာမှ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ကျေးရွာ၏တောင်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။ ၎င်းအဖွဲ့သည် နည်းပညာတက္ကသိုလ်(ထားဝယ်)အတွင်းသို့ ဝင်ရောက်ကာ ဒုတိယပါမောက္ခချုပ် ဒေါက်တာ ကျော်အောင် အပါဝင် သုံးဦးအား အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်၍ ကျောင်း၏ အနောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း သိရှိရသည်။

PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် စစ်ရေးနှင့် သက်ဆိုင်ခြင်းမရှိသော ပညာရေးဆိုင်ရာ အဆောက်အဦများနှင့် ဆရာ ဆရာမများကို အကာအကွယ်ရယူ ပစ်ခတ်တိုက်ခိုက်ခြင်းသည် ဂျီနီဗာကွန်ဗန်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု ကျူးလွန်ရာရောက်ပြီး အဆိုပါ ရာဇဝတ်မှုများအတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေ၊ ရာဇသတ်ကြီးနှင့် သက်ဆိုင်ရာ တည်ဆဲဥပဒေများဖြင့် ၎င်းတို့အပေါ် ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဖမ်းဆီးခေါ်ဆောင်ခြင်းခံရသော ဆရာ ဆရာမများအား ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် အမြန်ဆုံးပြန်လည်ကယ်တင်နိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက အပူတပြင်းရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

ထားဝယ်နည်းပညာတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်အပါအဝင် သုံးဦးအား PDF အကြမ်းဖက်သမားများက လာရောက်ဖမ်းဆီးခဲ့သည့်နေရာပြပုံ




## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**
အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Thuzar Htwe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် အေးသာယာမြို့ အမှတ်(၉)ရပ်ကွက်နေ သူဇာထွေးအား နံနက် ၉ နာရီခွဲတွင်လည်းကောင်း၊ “Min Thura” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာ အနောက်ရပ်ကွက်နေ မင်းသူရကျော်(ခ)အငယ်ကောင်အား ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၇ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်း အသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျောက်ဖြူမြို့နယ် ကျောက်တလုံး ကယ်ဆယ်ရေးစခန်းမှ မွတ်စလင်အမျိုးသား ၁၀၇ ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးထားကြောင်း ကောလာဟလသတင်းအမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**
ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ကျောက်တလုံး ကယ်ဆယ်ရေးစခန်းမှ အသက် ၁၈ နှစ်နှင့် ၃၅ နှစ်ကြား မွတ်စလင်အမျိုးသား ၁၀၇ ဦးကို ဖေဖော်ဝါရီ ၂၇ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးထားကြောင်း ကောလာဟလ သတင်းအမှားများကို ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က လူမှုကွန်ရက်ပေါ်တွင် လုပ်ကြံဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။



အဆိုပါသတင်းနှင့်ပတ်သက်၍ ကျောက်ဖြူမြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ကျောက်တလုံး ကယ်ဆယ်ရေးစခန်းမှ အသက် ၁၈ နှစ်နှင့် ၃၅ နှစ်ကြား မွတ်စလင်အမျိုးသား ၁၀၇ ဦးကို ဖမ်းဆီးထားသည်ဆိုသည့် သတင်းမှာ မှန်ကန်မှုမရှိသည့် ကောလာဟလသတင်းအမှားများဖြစ်ပြီး ၎င်းတို့ကို ဖမ်းဆီးထားခြင်း မရှိကြောင်း သိရှိရသည်။

AA သောင်းကျန်းသူများအနေဖြင့် မွတ်စလင်ကျေးရွာများကို တပ်မတော်နှင့် ပူးပေါင်းခြင်းမရှိရန်၊ ၎င်းတို့ထံပါဝင်ရန် ခြိမ်းခြောက် ပြောဆိုလျက်ရှိပြီး ကျေးရွာအချို့ကို ဒလန်ဟုစွပ်စွဲ၍ မီးရှို့ဖျက်ဆီးခဲ့သည့်အတွက် တပ်မတော်မှ မွတ်စလင် လူမှုကူညီရေးအသင်းများနှင့် ပူးပေါင်းပြီး ပြန်လည်ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများက မွတ်စလင်များကို တပ်မတော်မှ စစ်သားစုဆောင်းနေကြောင်း ကောလာဟလ သတင်းအမှားများဖြင့် ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်အတွင်းရှိ ဆည်ရေသောက်စိုက်ဧရိယာများတွင် တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်ရေးအတွက် လက်ဆွဲကောက်စိုက်စက်များဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ဖေဖော်ဝါရီ ၂၇ ရက်က ကျိုက်လှကျေးရွာရှိ ကွင်းအမှတ်(၆၈၇က) တောင်သူ ဒေါ်ရီစိန်၏ လယ်၌ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဥမ္မာဟန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းကိုကိုနှင့် အဖွဲ့ဝင်များ၊ တောင်သူများ တက်ရောက်ကြည့်ရှုလေ့လာကြစဉ်။
မြို့နယ်(ပြန်/ဆက်)

## နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System – CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၅ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၅၃ ဒသမ ၆၂၈၂ တန်၊ သစ်မာ ၂၄ ဒသမ ၃၁၃၀ တန်၊ အခြား ၂၄၄ ဒသမ ၁၇၉၈ တန်၊ စုစုပေါင်း ၃၂၂ ဒသမ ၁၂၁၀ တန်၊ ယာဉ်/ ယန္တရား ၁၀ စီး၊ တရားခံ ၂၁ ဦး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

တောင်သူလယ်သမားနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# သီးနှံအထွက်တိုး ခနဖြိုးကြွယ် လယ်ယာကဏ္ဍ တိုးတက်စေမယ်

စိုးမိုးဝင်း(စိုက်ပျိုးရေး)

တိုးတက်နေသောလူဦးရေနှင့် ဝင်ငွေတိုးပွားရေး ရည်မှန်းချက်တို့သည် ကမ္ဘာတစ်ဝန်းရှိ မြေယာနှင့် အခြားအရင်းအမြစ်များအပေါ်တွင် ဖိအားပေးလျက်ရှိပြီး စိုက်ပျိုးထုတ်လုပ်မှုသည် အစားအစာ ထောက်ပံ့ပေးနိုင်မှုနှင့်ဖူလုံမှုတို့ကို မြှင့်တင်နိုင်ရေးမှာ အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေသည်။ စိုက်ပျိုးရေးကို လုပ်ကိုင်နေကြသော တောင်သူလယ်သမားတစ်ဦးချင်းစီ၏ လယ်ယာတစ်ဧကအတွင်းမှ ထုတ်လုပ်မှုမြင့်မားရေးသည် အဓိကလိုအပ်ချက်တစ်ခု ဖြစ်လာသည်။

မြန်မာနိုင်ငံတွင် ၂၀၂၁-၂၀၂၂ ခုနှစ်စာရင်းအရ လယ်ယာကဏ္ဍသည် အမျိုးသားပြည်တွင်း အသားတင်ထုတ်လုပ်မှုတန်ဖိုးတွင် ၂၅ ဒသမ ၈ ရာခိုင်နှုန်းပါဝင်သောကြောင့် အရေးပါသော အခန်းကဏ္ဍတစ်ခုဖြစ်သည်။ စိုက်ပျိုးရေးဦးစီးဌာနသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ လယ်ယာကဏ္ဍမူဝါဒများ၊ မျှော်မှန်းချက်များ ပြည့်မီရန်ရည်ရွယ်၍ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ဌာန၏ မျှော်မှန်းချက်အနေဖြင့် "ဘေးအန္တရာယ်ကင်းရှင်းပြီး အာဟာရပြည့်ဝ၍ အရည်အသွေးကောင်းမွန်သော ပြည်တွင်းပြည်ပဈေးကွက် ယှဉ်ပြိုင်နိုင်စွမ်းရှိမည့်သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်ခြင်းအားဖြင့် စားနပ်ရိက္ခာဖူလုံ၍ တောင်သူများဝင်ငွေတိုးတက်ပြီး ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရန်" ဖြစ်သည်။



အောင်မြင်ဖြစ်ထွန်းနေသော နေကြာစိုက်ခင်းများကို တွေ့ရစဉ်။

### စားရေရိက္ခာဖူလုံရေး ဆောင်ရွက်မှုများ

စိုက်ပျိုးရေးလေ့လာမှုများနှင့် အသိပညာရှင်များက မြေယာအရည်အသွေးသည် စိုက်ပျိုးရေးထုတ်လုပ်မှုအပေါ် သက်ရောက်မှုရှိနိုင်ကြောင်း လက်ခံကြသော်လည်း မြေယာအရည်အသွေး၏ သက်ရောက်မှုကို သွင်းအားစုများထည့်လျှင် အထွက်တိုးသည်ဟူသော အချက်ကဲ့သို့ ရှင်းလင်းဖော်ပြနိုင်ရန် ခဲယဉ်းသည်။ အချို့နိုင်ငံများတွင် မြေယာအရည်အသွေးညံ့ဖျင်းခြင်း၏ သက်ရောက်မှုသည် ထုတ်လုပ်မှုသိသိသာသာလျော့နည်းပြီး အစားအစာဖူလုံမှုကိုပင် ခြိမ်းခြောက်နေသည်။ ထို့ကြောင့် မြေယာအရည်အသွေး၊ မြေယာညံ့ခြင်း၊ စိုက်ပျိုးထုတ်လုပ်မှုနှင့် အစားအစာဖူလုံမှုတို့အကြား ဆက်နွယ်မှုများကို တောင်သူလယ်သမားများအပါအဝင် စိုက်ပျိုးရေးတွင် ပါဝင်ပတ်သက်နေသူအားလုံး သိရှိနားလည်ထားသင့်သည်။

### မြေယာပြုပြင်ခြင်း

တောင်သူလယ်သမားများသည် အထွက်တိုးရေးကို အဓိကထား၍ ဓာတုပစ္စည်းများကို နှစ်ကာလကြာရှည်စွာ အတိုင်းအဆမရှိ အသုံးပြုခဲ့ကြပြီး သဘာဝမြေသြဇာများ အသုံးပြုမှုနည်းသောကြောင့် မြေယာများအတွင်း သဘာဝရှိရင်းစွဲ မြေဆီသြဇာဓာတ်များ ယုတ်လျော့လာပြီး ကုန်ခန်းလုနီးပါးဖြစ်ပေါ်နေသည်။ ၎င်းအခြေအနေများကို အချိန်မီကုစားနိုင်ရန် ဝန်ကြီးဌာနမှ အလေးထားဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးရေးဦးစီးဌာနသည် တောင်သူလယ်သမားများ၏ လယ်ယာမြေများတွင် ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့်အတူ သဘာဝမြေဆီသြဇာဓာတ်များ ပြန်လည်ပြည့်ဝလာစေရန် နည်းလမ်းမျိုးစုံဖြင့် ကူညီပေးသည်။

မြေယာအရည်အသွေး ကောင်းမွန်စေရေးအတွက် ပိုက်ဆံလျှော်ကဲ့သို့ မြေဆီထိန်းပင်များ စိုက်ပျိုးခြင်း၊ သစ်စိမ်းမြေသြဇာများ စိုက်ပျိုး၍ ထည့်သွင်းအသုံးပြုခြင်း၊ မြေဆွေးများ ပြုလုပ်သုံးစွဲခြင်း၊ ဓာတ်မြေသြဇာနှင့် ဇီဝမြေသြဇာတို့ကို သဘာဝမြေသြဇာများနှင့်တွဲဖက်၍ အသုံးပြုခြင်း၊ မြေဆီလွှာမပျက်စီးနိုင်သော စိုက်ပျိုးနည်းစနစ်အရ သီးထပ်၊ သီးလှည့်၊ သီးရောသီးနှံပုံစံများကို စိုက်ပျိုးခြင်း စသည်တို့ကို တောင်သူများအား အသိပညာပေး၍ လက်တွေ့ဆောင်ရွက်နိုင်စေရန် လေ့ကျင့်သင်တန်းပေးသည်။ ရာသီသီးနှံအပြင် နှစ်ရှည်သီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် တောတောင်များကို ခုတ်ထွင်မီးရှို့၍စိုက်ပျိုးသော ရွှေ့ပြောင်းတောင်ယာများကို အမြဲတမ်းတောင်ယာများအဖြစ် စိုက်ပျိုးနိုင်စေရန် တောင်စောင်းစိုက်ပျိုးနည်းနှင့် သီးနှံ-သစ်တော ရောနှောစိုက်ပျိုးနည်းတို့ကိုလည်း ပညာပေး ဆောင်ရွက်လျက်ရှိသည်။

### မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးခြင်း

မျိုးကောင်းမျိုးသန့် အသုံးပြုနိုင်ရေးအတွက် အထွက်နှုန်းနည်းသော ဒေသမျိုးများအစား အထွက်ကောင်း၍ အရည်အသွေးပြည့်ဝသော မျိုးများကို ပြောင်းလဲစိုက်ပျိုးနိုင်အောင် တောင်သူလယ်သမားများအား ကူညီဆောင်ရွက်ပေးသည်။ မျိုးစေ့ဌာနခွဲတွင် မျိုးသန့်ခြံပေါင်း ၄၀ ရှိပြီး မျိုးစေ့ပွားများထုတ်လုပ်ခြင်း၊ မျိုးစေ့အရည်အသွေး ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ စပါးသီးနှံတွင် အထွက်နှုန်း တင်း ၁၀၀ ကျော်ထွက်သော အထွက်ကောင်းမျိုးများဖြစ်သည့် ဆင်းသုခ၊ မနောသုခ၊ ရတနာတိုး၊ အရည်အသွေးကောင်းမျိုးများ ဖြစ်သည့် ပေါ်ဆန်းရင်၊ ရောမင်း၊ ရွှေရင်အေး၊ ဆင်းသွယ်လတ်၊ သက်တမ်းတိုမျိုးများဖြစ်သည့် ရက် ၉၀ နှင့် သီးထပ်ရင်မျိုးများကို ထုတ်လုပ်ဖြန့်ဖြူးနိုင်ခဲ့ပြီး ယခုကာလ သုံးနှစ် အတွင်းမှာ စပါးစိုက်ဧက ငါးသန်းကျော်တွင် မျိုးပြောင်းလဲစိုက်ပျိုးနိုင်ခဲ့သည်။

ဆီထွက်သီးနှံဖြစ်သည့် နေကြာတွင် သမားရိုးကျစိုက်ပျိုးခဲ့သည့် မျိုးများအစား ရေဆင်း(၁)စပ်မျိုး နေကြာနှင့် ဆင်းရွှေကြာ(၂) နေကြာမျိုးများကို ထုတ်လုပ်ပြီး ဧက ရှစ်သိန်းကျော်ကို မျိုးပြောင်းလဲစိုက်ပျိုးနိုင်ခဲ့သည်။ ဝါစိုက်ပျိုးထုတ်လုပ်မှုတွင် စိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်သည့်အပြင် ချည်မျှင်ရှည်ဝါမျိုးများဖြစ်သော ရွှေတောင်(၁၀)၊ ငွေချည်(၆)၊ ရွှေတောင်(၈) စသည့်မျိုးများကို ပြောင်းလဲစိုက်ပျိုးနိုင်ပြီး အထွက်နှုန်းမှာ တစ်ဧက ၄၁၉ ပိဿာမှ ၄၃၉ ပိဿာအထိ တိုးတက်ခဲ့သည်။ ထို့ပြင် အထွက်ကောင်း ရော်ဘာမျိုးများ ပြောင်းလဲစိုက်ပျိုးခြင်းနှင့် အထွက်ကောင်းဆီအုန်းမျိုးများ ပြောင်းလဲစိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။

> **"မျိုးကောင်းမျိုးသန့် အသုံးပြုနိုင်ရေးအတွက် အထွက်နှုန်းနည်းသော ဒေသမျိုးများအစား အထွက်ကောင်း၍ အရည်အသွေးပြည့်ဝသောမျိုးများကို ပြောင်းလဲစိုက်ပျိုးနိုင်အောင် တောင်သူလယ်သမားများအား ကူညီဆောင်ရွက်ပေးသည်။ စပါးသီးနှံတွင် အထွက်နှုန်း တင်း ၁၀၀ ကျော်ထွက်သော အထွက်ကောင်းမျိုးများဖြစ်သည့် ဆင်းသုခ၊ မနောသုခ၊ ရတနာတိုး၊ အရည်အသွေးကောင်းမျိုးများဖြစ်သည့် ပေါ်ဆန်းရင်၊ ရောမင်း၊ ရွှေရင်အေး၊ ဆင်းသွယ်လတ်၊ သက်တမ်းတိုမျိုးများဖြစ်သည့် ရက် ၉၀ နှင့် သီးထပ်ရင်မျိုးများကို ထုတ်လုပ်ဖြန့်ဖြူးနိုင်ခဲ့ပြီး ယခုကာလ သုံးနှစ်အတွင်းမှာ စပါးစိုက်ဧက ငါးသန်းကျော်တွင် မျိုးပြောင်းလဲစိုက်ပျိုးနိုင်ခဲ့"**

### ပန်းတိုင်အထွက်နှုန်းနှင့် သီးနှံစိုက်စွမ်းအား

သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် စိုက်ဧရိယာတိုးချဲ့ခြင်းနှင့် အထွက်နှုန်းတိုးတက်စေခြင်းတို့ကိုဆောင်ရွက်ရာတွင် စိုက်ဧရိယာတိုးချဲ့ခြင်းသည် အကန့်အသတ်များရှိသည့်အပြင် ရေရှည်ကာလတွင် မြို့ပြများဖွံ့ဖြိုးလာလျှင် စိုက်ပျိုးမြေယာများ လျော့နည်းလာပေမည်။ ထို့ကြောင့် သီးနှံတစ်မျိုး၏ ထုတ်လုပ်မှုစွမ်းအားအမြင့်ဆုံးဖြစ်နိုင်ခြေဟု သတ်မှတ်ထားသော ပန်းတိုင်အထွက်နှုန်း ရရှိရေးသည် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် အလွန်အရေးကြီးသည်။

တောင်သူလယ်သမားများ ပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်နိုင်စေရန် မတူညီသော ရေ၊ မြေ၊ ဒေသ၊ ရာသီဥတုအခြေအနေများအလိုက် စိုက်ပျိုးသင့်သောမျိုးများကို ရွေးချယ်စိုက်ပျိုးခြင်း၊ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူးခြင်း၊ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များကို လိုက်နာကျင့်သုံးစေခြင်း၊ သွင်းအားစုများသုံးစွဲရာတွင် အချိန်နှင့်တစ်ပြေးညီ အချိန်ကိုက်အချိုးကျ သုံးစွဲစေခြင်း၊ သစ်စိမ်းမြေသြဇာထည့်သွင်းအသုံးပြုခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ပန်းတိုင်အထွက်နှုန်းတိုးတက်ရေးနှင့်အတူ သီးနှံစိုက်စွမ်းအားကို မြှင့်တင်နိုင်ရေးအတွက် မိုးစပါး တစ်သီးသာ စိုက်ပျိုးကြသော မြေယာများအပေါ်တွင် ဒေသ၊ ရေ၊ မြေအခြေအနေပေါ်မူတည်ပြီး သီးထပ်သီးနှံအပြည့်အဝစိုက်ပျိုးနိုင်ရေးနှင့် သီးညှပ်စိုက်ပျိုးနိုင်ရေးတို့ကို ဆောင်ရွက်လျက်ရှိသည်။ သီးနှံစိုက်စွမ်းအားအနေဖြင့် ၂၀၂၁-၂၀၂၂ ခုနှစ်တွင် ၁၄၈ ဒသမ ၀၉ ရာခိုင်နှုန်း၊ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ၁၄၉ ဒသမ ၃၃ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၂၃-၂၀၂၄ ခုနှစ်တွင် ၁၅၁ ဒသမ ၈၄ ရာခိုင်နှုန်းဖြစ်မည်ဟု ခန့်မှန်းထားပါသည်။

### အစားအစာဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်မှုများ

ပြည်သူလူထုအတွက် စိုက်ပျိုးထုတ်လုပ်မှုကို တိုးမြှင့်၍ စားနပ်ရိက္ခာဖူလုံရေး အရေးကြီးသကဲ့သို့ ဘေးအန္တရာယ်ကင်းရှင်းသော အစားအစာများကို စားသောက်နိုင်စေရန် မြေပြုပြင်စိုက်ပျိုးထုတ်လုပ်သည်မှ စားသုံးသူလက်ဝယ်ရောက်သည်အထိ ထုတ်လုပ်မှုကွင်းဆက်တိုင်းတွင် စားသုံးသူအတွက် အန္တရာယ်ဖြစ်စေသည့် ကူးစက်ညစ်ညမ်းမှုများ အနည်းဆုံးဖြစ်စေရန် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (Good Agricultural Practices-GAP)ကို တောင်သူလယ်သမားများ လိုက်နာကျင့်သုံးနိုင်ရန်လည်း အလွန်အရေးကြီးသည်။

စိုက်ပျိုးရေးထွက်ကုန်များ ဘေးအန္တရာယ်ကင်းရှင်းပြီး အရည်အသွေးကောင်းမွန်စွာ ထုတ်လုပ်၍ ဈေးကွက်သို့ ပိုမိုတင်ပို့ရောင်းချနိုင်ရေးအတွက် မြန်မာ GAP အသိအမှတ်ပြုလက်မှတ်(Myanmar GAP Certificate)များ ထုတ်ပေးနိုင်ရေး တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များတွင် GAP စစ်ဆေးရေးအဖွဲ့ (GAP Inspector Team) များ ဖွဲ့စည်း၍ ကွင်းဆင်းစစ်ဆေးပေးသည်။

၂၀၁၆-၂၀၁၇ ခုနှစ်မှစ၍ ၂၀၂၃-၂၀၂၄ ခုနှစ်အထိ သီးနှံ ၆၆ မျိုးကို မြန်မာ GAP အသိအမှတ်ပြုလက်မှတ်ပေါင်း ၄၂၅၇ စောင် ထုတ်ပေးနိုင်ခဲ့ပါသည်။ ထို့ပြင် အစားအစာများတွင် ဓာတ်ကြွင်းမကျန်စေရေးအတွက် ပိုးသတ်ဆေးများ စနစ်တကျသုံးစွဲတတ်ရန် ပညာပေးခြင်း၊ ပိုးသတ်ဆေးကုန်ပစ္စည်းများကို အရည်အသွေးမှန်ကန်မှုရှိစေရေး စစ်ဆေးပေးခြင်း၊ ဓာတ်ကြွင်းအာနိသင်များကို တိုင်းတာစစ်ဆေးပေးခြင်း၊ စိုက်ပျိုးရေးထွက်ကုန်များကို စစ်ဆေးပေးခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိသည်။

သီးနှံကာကွယ်ရေးဌာနခွဲရှိ စိုက်ပျိုးရေးထွက်ကုန်များ စစ်ဆေးရေးဓာတ်ခွဲခန်း (Agricultural Products Analytical Laboratory) သည် ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁၄ ရက်တွင် ISO 17025 လက်မှတ်ကို လေးနှစ်ကြာသက်တမ်းဖြင့် အောင်မြင်စွာရရှိခဲ့သည်။ ISO လက်မှတ်ရဓာတ်ခွဲခန်း အနေဖြင့် အဆင့်မြင့်ဓာတ်ခွဲစမ်းသပ်ပစ္စည်းများဖြင့် စမ်းသပ်ခြင်းနှင့် ဓာတ်ခွဲခြင်း၊ ဆန်စပါးသီးနှံထွက်ကုန်များတွင် သတ္တုဒြပ်လေးမျိုး၊ ပဲမျိုးစုံထွက်ကုန်များတွင် ပိုးသတ်ဆေး ၁၃ မျိုး၊ ပြောင်းသီးနှံထွက်ကုန်များတွင် မှိုဆိပ်လေးမျိုးတို့ကို စစ်ဆေးနိုင်သည်။

*စာမျက်နှာ ၁၇ သို့*

# လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများနှင့် တောင်သူများက တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးစားဆောင်ရွက်



နေပြည်တော် ဖေဖော်ဝါရီ ၂၈

**ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ၂၀၂၃-၂၀၂၄ ခုနှစ် နွေစပါး စိုက်ပျိုးသည့်တောင်သူများအား သွင်းအားစုများ ပေးအပ်ခြင်းနှင့် ကောက်စိုက်စက်၊ လက်ဆွဲကောက်စိုက်စက်ဖြင့် နွေစပါးစိုက်ပျိုးခြင်းသရုပ်ပြပွဲကို ဖေဖော်ဝါရီ ၂၇ ရက်က လယ်ဝေးမြို့နယ် သစ်ဆိမ့်ပင်ကျေးရွာအုပ်စု အဆင့်မြင့်လယ်ယာမြေ ဧက ၂၀၀ ရှင်းလင်းဆောင်၌ ကျင်းပသည်။**

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်အဆင့်ဌာနဆိုင်ရာများ၊ လယ်ဝေးခရိုင်နှင့် လယ်ဝေးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တောင်သူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေထူထောင်၍ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ပြီး တစ်ဦးချင်းဝင်ငွေတိုးလာစေရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ နွေစပါးနှင့်နွေသီးနှံများ စိုက်ပျိုးရာတွင် တစ်ဧကအထွက်နှုန်းမြင့်မားပြီး ပန်းတိုင်အထွက်နှုန်းရရှိကာ တောင်သူများ ဝင်ငွေမြင့်မားလာစေရေးအတွက် စိုက်ပျိုးရေများကို စနစ်တကျသုံးစွဲခြင်း၊ မျိုးကောင်းမျိုးသန့်များသုံးစွဲခြင်း၊ စိုက်နည်းစနစ်များ ပြောင်းလဲစိုက်ပျိုးခြင်း၊ သတ်မှတ်သွင်းအားစုများ လုံလုံလောက်လောက်ထည့်သွင်းပေးခြင်းနှင့် ရိတ်သိမ်းရာတွင် အလေအလွင့်အနည်းဆုံးဖြစ်အောင် ရိတ်သိမ်းနိုင်ရေးအတွက် စက်ကိရိယာများ တွင်ကျယ်စွာ အသုံးပြုနိုင်ရေးကို လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နွေစပါးနှင့် နွေသီးနှံများကို လျာထားဧကများ ပြည့်မီစေရေး ဆောင်ရွက်ကြဖို့လိုအပ်ကြောင်း၊ နေပြည်တော်အတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများနှင့် တောင်သူများက တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီဝင်များက နွေစပါးစိုက်ပျိုးမည့် တောင်သူများအား စပါးမျိုးစေ့များနှင့် ဓာတ်မြေဩဇာများ ပေးအပ်ကြသည်။ ထို့နောက် တက်ရောက်လာကြသည့်တောင်သူများက လိုအပ်ချက်များကို တင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် သစ်ဆိမ့်ပင်ကျေးရွာအုပ်စု ကွင်းအမှတ်(၁၈၂၆) တောင်သူ ဦးတင်ငွေ၏ နွေစပါးစိုက်ခင်း နှစ်ဧကတွင် နွေစပါးနှံကောက်ထွန်းမျိုးကို ကောက်စိုက်စက်ဖြင့် သရုပ်ပြစိုက်ပျိုးနေမှုကို လည်းကောင်း၊ တောင်သူ ဦးမင်းမင်း၏ နွေစပါးစိုက်ခင်းတစ်ဧကတွင် နွေစပါးနှံကောက်ထွန်းမျိုးကို လက်ဆွဲကောက်စိုက်စက်ဖြင့် သရုပ်ပြစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးပြီး အဆင့်မြင့်လယ်ယာမြေဧက ၂၀၀ တွင် ရေပေးဝေနေမှုအခြေအနေများနှင့် ဇာမဏီကုမ္ပဏီမှ ကွန်ပေါင်းဓာတ်မြေဩဇာများ ခင်းကျင်းပြသမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ **ထွန်းထွန်းဝင်း(ပြန်/ဆက်)**

# တောင်သူလယ်သမားနေ့ ကြိုဆိုဂုဏ်ပြု ဒိုင်းပြကုန်း-ပန်းတိမ်ကုန်း-သဒိခိုလမ်း ကတ္တရာထပ်ပိုးလွှာလမ်းသစ်ဖွင့်



**ဘားအံ ဖေဖော်ဝါရီ ၂၈**

၂၀၂၄ ခုနှစ် မတ် ၂ ရက်တွင် ကျရောက်မည့် (၆၂)နှစ်မြောက် တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ဒိုင်းပြကုန်း-ပန်းတိမ်ကုန်း-သဒိခိုလမ်း ကတ္တရာထပ်ပိုးလွှာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၇ ရက်က အဆိုပါလမ်းမုခ်ဦးတည်နေရာ၌ ကျင်းပသည်။ **(ယာပုံ)**

**မြို့ချင်းဆက်လမ်းမကြီး**

အဆိုပါလမ်းသစ်ဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ယနေ့ ဖွင့်လှစ်သောလမ်းသည် မြို့ချင်းဆက်လမ်းမကြီးများဖြစ်သည့် ဘားအံ-လှိုင်းဘွဲ့လမ်းမကြီး၊ လှိုင်းဘွဲ့-ရွှေဂွန်း(ကမ်းနီ) လမ်းမကြီးနှစ်ခုနှင့် ချိတ်ဆက်ထားသော လမ်းတစ်လမ်းဖြစ်သည့်အတွက် ဒေသခံပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေး သွင်းကုန်/ထုတ်ကုန်များ အချိန်ကုန်သက်သာစွာဖြင့် ဈေးကွက်သို့ သယ်ယူပို့ဆောင်နိုင်ပြီး လမ်းပန်းဆက်သွယ်ရေး မြန်ဆန်ချောမွေ့လွယ်ကူစေခြင်း၊ မိသားစုတစ်ဦးချင်းဝင်ငွေများ တိုးတက်ခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ကြောင်း၊ ကျေးလက်လမ်း၊ တံတားလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်နှင့်မြို့ပြ အချိုးညီစွာ ဖွံ့ဖြိုးတိုးတက်လာပြီး မြို့ပြအသွင်၊ မြို့ပြအခြေအနေသို့ အချိန်တိုအတွင်း တိုးတက်ပြောင်းလဲလာနိုင်ကာ ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များအတွက် ကျေးလက်လမ်းကွန်ရက်များ အသုံးပြု၍ အမြန်ဆုံးဆက်သွယ်သွားလာနိုင်ပြီး အမျိုးသားပို့ဆောင်ရေးပင်မစီမံကိန်းကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း ပြောကြားသည်။

**အကျိုးပြုစေမည်**

ယခုဖွင့်လှစ်သည့် ဒိုင်းပြကုန်း-ပန်းတိမ်ကုန်း-သဒိခိုလမ်းသည် စုစုပေါင်းလမ်းအရှည် ငါးမိုင်ရှိသည့်အနက် တစ်မိုင် လေးဖာလုံကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၂၄၄ ဒသမ ၅၉၇ သန်းဖြင့် တင်ဒါအောင်ကုမ္ပဏီက အကျယ် ၁၂ ပေ ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းကို အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ကျေးရွာ ၁၃ ရွာ၊ အိမ်ခြေ ၁၉၄၁ အိမ်နှင့်လူဦးရေ ၁၂၇၂၆ ဦးတို့ကို အကျိုးပြုစေမည်ဖြစ်ကြောင်း ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

အဆိုပါလမ်းကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**စောမျိုးမင်းသိန်း**
**(ပြန်/ဆက်)**

## ကျောက်ပန်းတောင်းမြို့နယ်၌ ဝက်မွေးမြူရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် လယ်ယားတောင်ကျေးရွာအုပ်စု ရေထွက်ကျေးရွာ စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းသားများ၏ ဝက်မွေးမြူရေးလုပ်ငန်း ဖြစ်ထွန်းနေမှုအခြေအနေများကို ဖေဖော်ဝါရီ ၂၇ ရက်က မြို့နယ်သမဝါယမဦးစီးဌာနဦးစီးမှူး ဒေါ်ဇာခြည်အေးက ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ ရေထွက်ကျေးရွာ စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းသားများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်အတွက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဘဏ္ဍာရန်ပုံငွေကျပ် သန်း ၂၀ ထောက်ပံ့ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ ထောက်ပံ့ရန်ပုံငွေဖြင့် အသင်းသား ၂၇ ဦးမှ အသားတိုးဝက်အကောင်ရေ ၁၀၀ မွေးမြူသည်။ **နေအောင် (ပြန်/ဆက်)**

*စာမျက်နှာ ၁၆ မှ*

စိုက်ပျိုးရေးကုန်စည်များ သွင်းကုန်၊ ပို့ကုန်လုပ်ငန်းတွင် ဓာတ်ခွဲစစ်ဆေးပေးခြင်းဖြင့် ကုန်သွယ်မှုများ အဆင်ပြေချောမွေ့လာစေပြီး နိုင်ငံတော်၏ GDP အား များစွာအထောက်အကူပြုသည့်အပြင် ပြည်တွင်းစားသုံးသူများအတွက် အစားအစာဘေးအန္တရာယ်ကင်းရှင်းမှုကို ဓာတ်ခွဲစစ်ဆေးပေးခြင်းဖြင့် ပြည်သူများ၏ ကျန်းမာရေးကို အထောက်အကူပြုစေနိုင်ပါသည်။

**နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်မှုများ**

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ၂၀၂၂-၂၀၂၃ ခုနှစ် ပဲတီစိမ်းနှင့် နွေစပါးစီမံကိန်း၊ ၂၀၂၃-၂၀၂၄ ခုနှစ် မိုးစပါးစီမံကိန်းနှင့် ၂၀၂၃-၂၀၂၄ ဆီထွက်သီးနှံမြေပဲ၊ နှမ်း၊ နေကြာစီမံကိန်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ ပဲတီစိမ်းနှင့်နွေစပါးစီမံကိန်းတွင် ပဲတီစိမ်းသီးနှံအတွက် တိုင်းဒေသကြီးသုံးခုနှင့် နွေစပါးသီးနှံအတွက် တိုင်းဒေသကြီးခုနစ်ခုတို့တွင် တောင်သူလယ်သမားများအား သွင်းအားစုသုံးစွဲနိုင်ရေး ပံ့ပိုးဆောင်ရွက်နိုင်ခဲ့ပြီး စီမံကိန်းရန်ပုံငွေအားလုံးကို ပြန်လည်ကောက်ခံရရှိပြီးဖြစ်သည်။

ပြန်လည်ကောက်ခံရရှိငွေများဖြင့် ၂၀၂၃-၂၀၂၄ မိုးစပါးစီမံကိန်းကို တိုင်းဒေသကြီး/ပြည်နယ် ၁၀ ခုတွင် ဆောင်ရွက်ခဲ့ရာ စီမံကိန်းရန်ပုံငွေများကို သတ်မှတ်ကာလတွင် အပြည့်အဝပြန်လည်ရရှိရေး ကြိုးစားဆောင်ရွက်လျက်ရှိသည်။ ဤစီမံကိန်းနှစ်ခုမှ လှည့်ပတ်ရန်ပုံငွေသုံးစွဲနိုင်မှုသည် မတည်ရန်ပုံငွေထက် ကျပ် ၇၈ ဒသမ ၃၉၈ ဘီလီယံ သုံးစွဲနိုင်သောကြောင့် မတည်ငွေအပေါ်လှည့်ပတ်သုံးစွဲနိုင်သည့် ရာခိုင်နှုန်းမှာ ၁၃၄ ဒသမ ၀၈ ရာခိုင်နှုန်းဖြစ်ခဲ့သည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သော စီမံကိန်းဝင်တောင်သူများအနေ ဖြင့် ပဲတီစိမ်း၊ နွေစပါး၊ မိုးစပါးအပြင် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာသီးနှံများတွင် တစ်ဧကအထွက်နှုန်းတိုးတက်ပြီး ဝင်ငွေအကျိုးအမြတ်များလည်း တိုးပွားခဲ့ကြသည်။ ထို့ပြင် စီမံကိန်းတွင် ပါဝင်ကြခြင်းဖြင့် သွင်းအားစုများ စနစ်တကျ ထည့်သွင်းနိုင်ပြီး လုံ့လဝီရိယအကျိုးကြောင့် သီးနှံများ ပိုမိုထွက်ရှိကာ ဝင်ငွေတိုးတက်လာ၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ ပေးရန်ရှိသည့် အကြွေးများလည်း ကျေသွားခဲ့ရသည်။

စိုက်ပျိုးထုတ်လုပ်မှု စဉ်ဆက်မပြတ် တိုးတက်ရေးအတွက် အရင်းအမြစ်များကို ထိန်းသိမ်းရန် လိုအပ်လာပြီး တိုးတက်ထုတ်လုပ်နိုင်သော စိုက်ပျိုးရေးနည်းလမ်းများ၊ မြေယာနှင့် ရေစီမံခန့်ခွဲမှုများ၊ ပိုမိုကောင်းမွန်သော နည်းပညာသစ်များနှင့် အဆင့်မြင့်နည်းပညာများကို ဆန်းသစ်တီထွင်ဖော်ထုတ်ပြီး ထိရောက်စွာ အသုံးချနိုင်ရေးနည်းလမ်းများကို ကျင့်သုံးရပေမည်။ ထို့ပြင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မတည်ထောက်ပံ့ငွေများသည် တောင်သူလယ်သမားများအား ငွေထုတ်ချေးခြင်းမဟုတ်သည့်အတွက် အကြွေးသံသရာထဲသို့ မစီးဝင်ဘဲ စိုက်ပျိုးရေးလုပ်ငန်းအတွင်းသို့သာ ရောက်ရှိသွားသောကြောင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် များစွာ အထောက်အပံ့ပေးနိုင်ခဲ့သည်။

နိုင်ငံတော်၏ ကူညီပံ့ပိုးပေးမှု၊ စိုက်ပျိုးရေးပညာရှင်များ၏ စိုက်ပျိုးနည်းပညာ၊ အသိပညာများ ဖြန့်ဝေပေးခြင်း၊ လေ့ကျင့်သင်တန်းပေးခြင်းများနှင့်အတူ တောင်သူလယ်သမားများ၏ ကြိုးစားအားထုတ်မှုဖြင့် သီးနှံအထွက်တိုးပြီး ဝင်ငွေတိုးပွား၍ ခေအင်အားဖြိုးကြွယ်ဝကာ လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်လာပြီး နိုင်ငံ့စီးပွားမြင့်မားလာမည်မှာ ဧကန်မလွဲနိုင်ကြောင်း ယုံကြည်မိပါသည်။ ။

# စစ်တွေမြို့ ခုတင်(၅၀၀) ဆေးရုံကြီး၌ တက်ရောက် ဆေးကုသမှုခံယူနေသူများနှင့် ကျန်းမာရေးဝန်ထမ်းများအား ထောက်ပံ့

**စစ်တွေ ဖေဖော်ဝါရီ ၂၈**
ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ခုတင် (၅၀၀) ဆေးရုံကြီး၌ တက်ရောက်ဆေးကုသမှုခံယူနေကြသည့် ပြည်သူများအား အာဟာရဖြည့်စွက်စာများ ပေးအပ်ပြီး ပြည်သူ့ဆေးရုံကြီးရှိ ဆရာဝန်၊ သူနာပြုဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခုတင်(၅၀၀) ဆေးရုံကြီး၌ တက်ရောက်ဆေးကုသမှုခံယူနေသော သက်တော်ရှည် ဇေ့ိုင်ရိုင်းချောင်းဆရာတော်ကြီးအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုများနှင့် အာဟာရဖြည့်စွက်စာများကို လှူဒါန်းသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူနေကြသည့် ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးပြီး အာဟာရဖြည့်စွက်စာများကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆေးရုံကြီး အစည်းအဝေးခန်းမ၌ သမားတော်၊ အထူးကုဆရာဝန်များ၊ ဆရာဝန်၊ သူနာပြုများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံရာ ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံ ထူထောင်ရေးကို အဓိကဆောင်ရွက်သည့်အခါ ကျန်းမာရေးနှင့် ပညာရေးကို အဓိကထားဆောင်ရွက်ခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ဆေးရုံကြီးသည် သမိုင်းကြောင်း အလွန်ကောင်းခဲ့ကြောင်း၊ ကိုဗစ်ကာလတွင်လည်း ဆေးရုံကြီးမှဝန်ထမ်းများသည် ကြိုးကြိုးစားစားဆောင်ရွက်ခဲ့ကြသည့် သမိုင်းကြောင်းများရှိခဲ့ကြောင်း၊ မိုခါမုန်တိုင်းကာလတုန်းကလည်း အခက်အခဲများကြားက ခက်ခက်ခဲခဲ ခွဲစိတ်ကုသခဲ့ကြရသည်ကို တွေ့ရကြောင်း၊ ပြန်လည်ထူထောင်ရေးကာလတွင်လည်း ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ကြိုးကြိုးစားစားဆောင်ရွက်ခဲ့ကြပြီး ဆက်လက်၍လည်း ကြိုးစားဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ကြည်လွင်က ဆေးရုံ၏ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ဆရာဝန်နှင့်သူနာပြုများက ဆေးရုံနှင့်ပတ်သက်၍ လိုအပ်



ချက်များကို တင်ပြကြရာ ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များက ဆေးရုံဝန်ထမ်းများအတွက် ထောက်ပံ့ငွေကျပ်သိန်း ၅၀ နှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# မြို့နယ်များ၌ သဘာဝဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

## မိတ္ထီလာမြို့နယ်၌ လျှော်ဘေးကာကွယ်ရေး လေ့ကျင့်

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ ခရိုင်မီးသတ်ဦးစီးမှူးရုံး၏ လျှော်သရုပ်ပြလေ့ကျင့်ခြင်းကို ဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်းက မိတ္ထီလာမြို့နယ် မီးသတ်စခန်းတွင် ကျင်းပရာ ရှာဖွေကယ်ဆယ်ရေး မီးသတ်တပ်ဖွဲ့ဝင်များနှင့် မီးငြိမ်းသတ်ရေးတပ်ဖွဲ့ဝင်များက လျှော်ဘေးဖြစ်ပွားရာနေရာ၌ ထိခိုက်ပျက်စီးမှု ဧရိယာ အကျယ်အဝန်းအား ခြုံငုံ၍ Drone များ၊ GPS များ၊ ရှာဖွေရေး ခွေးများ ဖြင့် ပြိုကျပိတ်မိနေသော လူနာများအား ရှာဖွေခြင်း၊ အဆောက်အအုံ ထိခိုက်ပျက်စီးမှုများ ရှာဖွေခြင်း၊ ရှင်းလင်းခြင်းအပြင် မီးလောင်မှု၊ ဓာတ်ငွေ့ ယိုစိမ့်မှု ရှိ မရှိ စစ်ဆေးခြင်း၊ လူနာများအား ဦးစားပေးအဆင့်အလိုက် အရောင်များ သတ်မှတ်ကာ စနစ်တကျ ကယ်ဆယ်ခြင်းလုပ်ငန်းများကို အဆင့်အလိုက် လေ့ကျင့်သရုပ်ပြခဲ့ကြောင်း ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းထံမှ သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## အောင်လံမြို့၌ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

မကွေးတိုင်းဒေသကြီး အောင်လံမြို့ မြို့မဈေး၊ မြနန္ဒာဈေးတို့၌ မီးဘေးကြိုတင်ကာကွယ်ရေးသရုပ်ပြသပွဲကို ဖေဖော်ဝါရီ ၂၇ ရက်က ပြုလုပ်ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သန်းက အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် မီးသတ်ဦးစီးမှူးတို့က မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြသခြင်းဆောင်ရွက်ကြကြောင်း သိရသည်။

**မျိုးသိန်း(ပြန်/ဆက်)**



## မြို့သစ်မြို့နယ်၌ လေပြင်းဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၌ လေပြင်းဘေးအန္တရာယ်ကျရောက် ပျက်စီးနိုင်သော နေအိမ် ၁၂၀ အတွက် အမိုးအကာများအားဖြည့်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

လေပြင်းဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မြို့သစ်မြို့နယ် ဒန့်ဒလွန်ပင်ကျေးရွာ၊ လေသာကျေးရွာတို့မှ အမိုးအကာများအားဖြည့်ပြင်ဆင်ရန် လိုအပ်သော အိမ်ခြေ ၁၂၀ ကို အိမ်ဆောက်ပစ္စည်းများဖြစ်သည့် ထရံ၊ ဝါးလုံးနှင့် သွပ်နန်းကြိုးများ ဝယ်ယူအသုံးပြုရန်အတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၄၅၀၀၀ နှုန်း ထောက်ပံ့ပေးအပ်ခဲ့သည်။ ဖေဖော်ဝါရီ ၂၇ ရက်မှစတင်၍ ကျေးရွာရှိ စေတနာ့ဝန်ထမ်း လူငယ်များက နေအိမ်များ ပြုပြင်ပေးခြင်း၊ သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းထက်နှင့် အဖွဲ့ဝင်များ သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးသည်။

**သန်းဝင်းထွန်း (ပြန်/ဆက်)**



## မအူပင်မြို့၌ ရှာဖွေကယ်ဆယ်ရေးသင်တန်းပို့ချ

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ မြို့နယ်အဆင့်ရှာဖွေကယ်ဆယ်ရေး သင်တန်းကို ဖေဖော်ဝါရီ ၂၈ ရက်က မအူပင်ခရိုင်မီးသတ်ဦးစီးဌာနရုံးတွင် ဆက်လက်သင်ကြားပို့ချလျက်ရှိသည်။

အဆိုပါသင်တန်းကို မအူပင်မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးဌေးဦးစီး၍ သင်တန်းသား သင်တန်းသူ ၅၀ အား သဘာဝဘေးအန္တရာယ်ကြုံတွေ့လာပါက ရှာဖွေကယ်ဆယ်နည်းများနှင့် မီးငြိမ်းသတ်နည်းများကို ဘာသာရပ်အလိုက် စာတွေ့လက်တွေ့ သင်ကြားပို့ချလျက်ရှိပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ဖြစ်ကြောင်း သိရသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**



## စလင်းမြို့နယ်၌ လေပြင်းကြိုတင်ကာကွယ်ရေး ဆောင်ရွက်

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အတွင်းမှ ကျေးရွာအုပ်စု နှစ်စုတို့ရှိ အိမ်ထောင်စု ၁၀၀ ကို လေပြင်းဒဏ်ခံနိုင်ရည်ရှိသော အိုးအိမ်များဖြစ်စေရန် အားဖြည့်မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းများကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဖေဖော်ဝါရီ ၂၀ ရက်က စတင်ဆောင်ရွက်သည်။

ထိုသို့ ပြုပြင်ဆောင်ရွက်နိုင်ရန် စနေချောင်ကျေးရွာနှင့် ကျောက်ရဲတုန်းကျေးရွာတို့မှ အိမ်ခြေ ၁၀၀ ကို ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစောလွင်ဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ကျေးရွာရပ်မိရပ်ဖများပူးပေါင်း၍ အိမ်တစ်လုံးလျှင် ကျပ် ၄၅၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၄၅ သိန်းတန်ဖိုးရှိ အိမ်ဆောက်ပစ္စည်းများ ဝယ်ယူ၍ ပြုပြင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မောင်လွင်(စလင်း)**

## မြစ်သားမြို့နယ်၌ မီးဘေးကာကွယ်ရေးသရုပ်ပြသ

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၌ ဘူတာရပ်ကွက်အတွင်းရှိ မြို့နယ်ပြည်သူ့အားကစားကွင်းတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးဆောင်ကာ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်ခြင်းနှင့် ရှာဖွေကယ်ဆယ်ရေးလေ့ကျင့်မှု လက်တွေ့သရုပ်ပြသခြင်းကို ဖေဖော်ဝါရီ ၂၈ ရက်က ပြုလုပ်သည်။

အဆိုပါ လက်တွေ့သရုပ်ပြသဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးခိုင်က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိဦးအောင်မင်းကျော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ်၊ မီးသတ်ရေသယ်ယာဉ်၊ မီးသတ်ဆေးဘူးများ အသုံးပြု၍ လက်တွေ့မီးငြိမ်းသတ် သရုပ်ပြခြင်းများ ဆောင်ရွက်သည်။

**မြို့နယ် (ပြန်/ဆက်)**

**မီးကြွင်းမီးကျန် သတိပြု၊ ဝိုင်းဝန်းကာကွယ်မီးဘေးအန္တရာယ်**

# ကျိုက်ထိုပြည်သူ့ဆေးရုံကြီး၌ မတော်တဆမှုကြောင့် ဗေလုံးကွဲသွားသော စိုးရိမ်ရလူနာကို အသက်ဘေးမှ အချိန်မီကယ်နိုင်

**ရန်ကုန် ဖေဖော်ဝါရီ ၂၈** မတော်တဆမှုကြောင့် ဗေလုံးကွဲသွားသော စိုးရိမ်ရလူနာကို ကျိုက်ထို ပြည်သူ့ဆေးရုံကြီးက စိန်ခေါ်မှုများကြားတွင် အသက်ဘေးမှ အချိန်မီကယ်နိုင်ခဲ့ကြောင်း အဆိုပါဆေးရုံမှ သိရသည်။

ဖေဖော်ဝါရီ ၂၆ ရက်တွင် ဒိုင်တွတ်ရွာမှ အမျိုးသမီးငယ် တစ်ဦးမှာ ထိုင်ခုံကို ခေါင်းပေါ် ရွက်ပြီး ဆိုင်ကယ်ပေါ်ထိုင်စဉ် ဟန်ချက်ပျက်ကာ ခေါင်းပေါ်မှ ထိုင်ခုံပြုတ်ကျပြီး ဝမ်းဗိုက်ကို ရိုက်မိသည့်အတွက် ဝဲဘက် ဝမ်းဗိုက်နာကျင်ကာ ဆေးရုံသို့ ရောက်ရှိလာခဲ့ကြောင်း ကျိုက်ထို မြို့နယ် ပြည်သူ့ဆေးရုံကြီးမှ သိရသည်။

ဆေးရုံရောက်ချိန်တွင် လူနာ အခြေအနေ မဆိုးသော်လည်း ဝမ်းဗိုက်တစ်ခုလုံး တဖြည်းဖြည်း ဖောင်းတင်းလာပြီး နာကျင်လာကာ သွေးပေါင်ကျလာသည့်အပြင် မျက်လုံးများ အမြင်ဝေဝါးလာခြင်း၊ ခြေဖျားလက်ဖျားများ အေးစက်ခြင်း၊ မျက်နှာဖြူဖျော့လာခြင်းတို့ကြောင့် ဝမ်းဗိုက်အတွင်း ဗေလုံး (spleen)ကွဲပြီး သွေးယိုစိမ့်မှုရှိနေသည်ဟု ယူဆခဲ့ကြကြောင်း သိရသည်။

ထို့ကြောင့် အရေးပေါ်သွေးသွင်းရန် စီစဉ်ရာ လိုအပ်သော သွေးပမာဏ မရှိသည့်အတွက် ကျိုက်ထိုသွေးအလှူရှင်အသင်းကိုဖုန်းဆက်အကူအညီတောင်းရာ အဆိုပါအသင်း၏ ကူညီမှုဖြင့် အဆင်ပြေခဲ့ကြောင်း သိရသည်။

“သွေးရပြီ လူနာကို ခွဲမလား၊ လွှဲမလားဆိုပြီး ဆွေးမျိုးတွေကို ရှင်းပြရတယ်။ ခရိုင်ဆေးရုံကို သွားဖို့ လူနာမတတ်နိုင်ပါဘူး။ လမ်းခရီးကအနည်းဆုံး တစ်နာရီ



လောက်မောင်းရမှာမို့ ခရီးလမ်းမှာ အန္တရာယ်ရှိနိုင်တယ်။ ဘေလုံး ခွဲစိတ်ကုသဖို့အတွက် အတွေ့အကြုံရှိတဲ့ စီနီယာသူနာပြုကို ခေါ်ပြီးမေးကြည့်ရတယ်။ ဒီလို ဖြစ်စဉ်မျိုး တစ်ယောက်မှမဝင်လုပ်ဖူး၊ မမြင်ဖူးကြဘူးဆိုတော့ စိုးရိမ်သွားရတာပေါ့” ဟု ဆေးရုံက ထုတ်ပြန်ဖော်ပြထားသည်။

အခြေအနေအရ ခွဲစိတ်ကုသမှု အမြန်ဆုံးလုပ်မှသာ လူနာအသက်ရှင်ခွင့်ရမည့် အခြေအနေဖြစ်သောကြောင့် ခွဲစိတ်မှုလုပ်ခဲ့ကြောင်း သိရသည်။

“ဝမ်းဗိုက်ဖွင့်ဖွင့်ချင်းမှာ သွေးအတော်ကို ပန်းထွက်နေတယ်။ အကုန်လုံး မင်သက်ပြီး ကြောင်ကုန်တယ်။ ထင်တဲ့အတိုင်းပါပဲ လူနာဗေလုံး (spleen) ကွဲပြီး သွေးယိုစိမ့်မှုဖြစ်တဲ့ရောဂါပါ” ဟု ယင်းဆေးရုံက ရှင်းပြသည်။

အဆိုပါဆေးရုံ၌ ၁၅ နှစ်အတွင်း ပထမဆုံးလုပ်သည့် ခွဲစိတ်ကုသမှုဟုသိရပြီး ခွဲစိတ်မှု အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**MT**

# ပြည်မြို့နယ်နှင့် မင်းလှမြို့နယ်တို့တွင် ငွေကျပ် ၃ ဒသမ ၃ ဘီလီယံ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၆ ဒသမ ၅ သိန်း ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈** ပြည်မြို့နယ်နှင့် မင်းလှမြို့နယ်တို့တွင် ငွေကျပ် ၃ ဒသမ ၃ ဘီလီယံ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၆ ဒသမ ၅ သိန်း ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီတွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် နဂဒေးတံတားထိပ်တွင် ပြည်ဘက်မှ ပန်းတောင်းဘက်သို့ ယာဉ်မောင်း ဟိန်းပိုင်ဦး(ခ)ကိုပိုင်(ခ)သားညီ မောင်းနှင်လာသည့် ISUZU Light Truck မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်တွင် အိမ်သုတ်ဆေးပုံးများနှင့် Compressor လေအိုးတို့အတွင်း သို၀ှက်သယ်ဆောင်လာသည့် စိတ်ကြွရူးသွပ်ဆေးပြား ၁၄ ဒသမ ၁ သိန်း သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ ည ၇ နာရီခွဲတွင် မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ပုသိမ်-မုံရွာသွားကားလမ်း မိုင်တိုင်အမှတ်(၂၀၅)အနီးတွင် အောင်ကိုလတ်၊ ဇော်မြင့် (ခ) ရေခဲနှင့် လင်းလင်းထိုက်တို့ သုံးဦးကို စိတ်ကြွရူးသွပ်ဆေးပြား ၂ ဒသမ ၄ သိန်း၊ Bighorn မော်တော်ယာဉ်တစ်စီးနှင့် လည်းကောင်း၊ ဖေဖော်ဝါရီ ၁၄ ရက်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ ကျော်လှကို မင်းတုန်းမြို့ တည်းခိုခန်း၌ လည်းကောင်း ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်းဒေသကာလတန်ဖိုးငွေကျပ် ၃ ဒသမ ၃ ဘီလီယံ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၆ ဒသမ ၅ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်များအရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ရန်ကုန်တိုင်းဒေသကြီးမှ ရခိုင်ပြည်နယ် နယ်စပ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း၊ ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



◆ *ကျောဖုံးမှ*

မြန်မာ့လက်ရွေးစင် အသင်းသည် ပြည်တွင်းပြိုင်ပွဲဖြစ်သော MNL Cup ပြိုင်ပွဲ အုပ်စုပွဲစဉ်များ ခေတ္တရပ်နားသည့် မတ် ၁၀ ရက်နောက်ပိုင်း စတင်လေ့ကျင့်မည်ဖြစ်ပြီး တစ်ပတ်ကျော်ပြင်ဆင်ချိန် ရရှိမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ် ဖိုက်အွန်ဘိုင်နာသည် ဆီးရီးယား အသင်းနှင့်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဇန်နဝါရီ ၁၀ ရက်မှ ၂၀ ရက်အထိ ပထမအကြိမ်၊ ဇန်နဝါရီ ၂၅ ရက်မှ ဖေဖော်ဝါရီ ၄ ရက်အထိ ဒုတိယအကြိမ် လေ့ကျင့်ထားပြီး ပြည်တွင်းကလပ်အသင်းများနှင့် ခြေစမ်းပွဲ သုံးပွဲ ယှဉ်ပြိုင်ကစားထားသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် မတ်လတွင် ကမ္ဘာ့ဖလားခြေစစ်ပွဲ အုပ်စုပွဲအဖြစ် ဆီးရီးယားအသင်းနှင့် အိမ်ကွင်း၊ အဝေးကွင်းယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် မတ် ၂၁ ရက်တွင် အိမ်ကွင်း၊ မတ် ၂၆ ရက်တွင် အဝေးကွင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းနှင့် ဆီးရီးယား လက်ရွေးစင်အသင်းတို့၏ အိမ်ကွင်းပွဲကို မတ် ၂၁ ရက် ညနေ ၆ နာရီတွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် နှစ်ပွဲစလုံး အရေးနိမ့်ထားသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလား ခြေစစ်ပွဲတွင် ဂျပန်အသင်းကို အဝေးကွင်း၌ ငါးဂိုးပြတ်၊ မြောက်ကိုရီးယား အသင်းကို အိမ်ကွင်း၌ ခြောက်ဂိုး - တစ်ဂိုးဖြင့် အရေးနိမ့်ထားသည်။ ဆီးရီးယားအသင်းမှာမူ အိမ်ကွင်း နှစ်ပွဲဆက် ကစားထားပြီး မြောက်ကိုရီးယား အသင်းကို တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရသော်လည်း ဂျပန်အသင်းကို ငါးဂိုးပြတ် ရှုံးနိမ့်ထားသည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**

❖ *ကျောဖုံးမှ*

ရှုံးထွက်အဆင့်တွင်လည်း ပြိုင်ဘက်ကို နှစ်ပွဲပြတ် ထပ်မံအနိုင်ယူကာ ကွာတားဖိုင်နယ်သို့ ထိုက်ထိုက်တန်တန် တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

Burmese Ghouls အသင်းသည် မိုဘိုင်းလက်ဂျန့်စ်ပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် အင်ဒိုနီးရှားကိုယ်စားပြု RRQ Hoshi အသင်းနှင့်ဖေဖော်ဝါရီ ၂၉ ရက်တွင်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **အောင်ဇော်**


**အားကစားမြှင့်တင် စိတ်လန်းရွှင်**

**ဆန့်ကျင်မူးယစ်ဆေး**



မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - မြင့်စိုး |
| သတင်းထောက်မှူး | - ခင်ရတနာ |
| စာတည်းများ | - ကြည်ဝင်း၊ ဝင်းကျော် |
| ဘာသာပြန် စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News


## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၈ - ၂ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၅၆၅ ကျပ် | ၂၆၁၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၆၁၀ ကျပ် | ၂၆၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၇၇၀ ကျပ် | ၂၈၁၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၈၈၅ ကျပ် | ၂၉၃၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၄၀၀ | ၈၄၀၀ | ၂၂၃ | ၁၈၇၃၂၀၀ |
| MTSH | ၂၈၅၀ | ၂၉၀၀ | ၅၆၁ | ၁၆၁၆၉၀၀ |
| MCB | ၇၇၀၀ | ၇၇၀၀ | ၃ | ၂၃၁၀၀ |
| FPB | ၁၅၀၀ | ၁၅၀၀ | ၅၇၉ | ၈၈၇၁၀၀ |
| TMH | ၂၅၀၀ | ၂၅၀၀ | ၅၀ | ၁၂၅၀၀၀ |
| EFR | ၁၆၅၀ | ၁၆၅၀ | ၁၂၀ | ၁၉၈၀၀၀ |
| AHPC | ၀ | ၀ | ၀ | ၀ |
| MAEPC | ၀ | ၀ | ၀ | ၀ |





# တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှု အားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ

## အောင်မြေသာစံမြို့နယ်၌ Power Bank အားသွင်းထားရာမှ အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွား

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်၌ ဖေဖော်ဝါရီ ၂၇ ရက်က Power Bank အားသွင်းထားရာမှ အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၇ ရက် ညနေ ၃ နာရီ ၅ မိနစ်ခန့်က အောင်မြေသာစံမြို့နယ် မင်းတဲအီကင်းရပ်ကွက်၌ မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ အောင်မြေသာစံခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ ခရိုင်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က မီးသတ်ယာဉ်ငါးစီးဖြင့် သွားရောက်မီးငြိမ်းသတ်ခဲ့ရာ ၁၀ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့သဖြင့် ဖြစ်စဉ်အားစိစစ်ခဲ့ရာ အဆိုပါရပ်ကွက်နေ ဒေါ်မိမိလှိုင်(၃၄)နှစ်သည် အိမ်ခန်း အတွင်းရှိ အိပ်ရာပေါ်တွင် Power Bank အားသွင်းထားရာမှတစ်ဆင့် အပူလွန်ကဲ၍ မီးလောင်မှုဖြစ်ပွားခဲ့ပြီး မီးလောင်မှုကြောင့် နေအိမ်ရှိပစ္စည်းအချို့ မီးလောင်ပျက်စီးဆုံးရှုံးခဲ့သောကြောင့် ဒေါ်မိမိလှိုင်အား အောင်မြေသာစံ မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

(ရဲပြန်ကြား)

## အင်္ဂပူမြို့နယ်၌ နေအိမ်မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွား

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်၌ ဖေဖော်ဝါရီ ၂၇ ရက်က နေအိမ်မီးကြွင်းမီးကျန်မှ တစ်ဆင့်မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၇ ရက် မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ်ခန့်က အင်္ဂပူမြို့နယ် အေးစေတီကျေးရွာ၌ မီးလောင်မှုဖြစ်ပွားကြောင်းသတင်းအရ အင်္ဂပူမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က မီးသတ်ယာဉ် တစ်စီး၊ ရေသယ်ယာဉ် တစ်စီးတို့ဖြင့် သွားရောက်မီးငြိမ်းသတ်ခဲ့ရာ မိနစ် ၂၀ ခန့်အကြာတွင် မီးငြိမ်းသွားခဲ့ပြီး ဖြစ်စဉ်အားစိစစ်ခဲ့ရာ အဆိုပါကျေးရွာနေ ဦးတင်စိန်(၇၆)နှစ်၏ နေအိမ်မီးကြွင်းမီးကျန်များမှတစ်ဆင့် မီးကူးစက်လောင်ခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့သောကြောင့် ဦးတင်စိန်အား အင်္ဂပူမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

(ရဲပြန်ကြား)


### ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ (၂၀၂၃-၂၀၂၄)ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေအသုံးပြု၍ VMIS Database Management System အတွက် Cluster Control Software လိုင်စင်အား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါ၍ မြန်မာနိုင်ငံအတွင်း တရားဝင် မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ ကျန်းမာရေးဦးစီးဌာနတွင် အိတ်ဖွင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက် ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့်စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| **တင်ဒါအမှတ်** | - | Tender.25.Software (2023-2024) |
| **တင်ဒါစတင်သည့်ရက်** | - | ၂၉ -၂-၂၀၂၄ ရက်နေ့ |
| **တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန်** | - | ၆ -၃-၂၀၂၄ ရက်နေ့ မွန်းတည့်(၁၂:၀၀)နာရီ |

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇၃၄၃၁၀၈၅/ ၀၆၇၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

### ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

အုတ်တွင်းမြို့၊ ကြက်သွန်ခင်း (၁)ရပ်ကွက်၊ အကွက်အမှတ် (၁-ဂ)၊ အကွက်အမည် ကြက်သွန်ခင်းရပ်၊ ဦးပိုင်အမှတ် ၈၄-ခ၊ မြေကွက်အမှတ် ၁၄၄၊ ဧရိယာ(၀.၀၉၃)ဧကရှိ အောက်ဖော်ပြပါအလားအလာရှိသည့်-

(က) အရှေ့လားသော် - ဦးပိုင်အမှတ်-၈၄.က၊မောင်ရွှေသော်-မလှခင်
(ခ) အနောက်လားသော် - ဦးပိုင်အမှတ်-၈၅၊ ဦးဘိုးဂေါင်း
(ဂ) တောင်လားသော် - ပြည်လမ်း၊
(ဃ) မြောက်လားသော် - လမ်းကြား

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဒေါ်မေသဲနုမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၄ခုနှစ်၊ မတ်လ ၂၇ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။ သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ အုတ်တွင်းမြို့**

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် ဘဘ-၃၊ ဦးပိုင်အမှတ် ၂၀(ခဲစင်း) အရှေ့ဘက်ခြမ်း၊ ၁၁၃(A)လမ်း၊ ၅၁x၅၂ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်စိန်ဝေ ၉/မနမ(နိုင်)၀၅၅၆၀၅၊ ဒေါ်ခင်စောဝင်း ၉/မနမ(နိုင်)၀၅၅၆၀၈၊ ဦးအောင်ကျော်စိုး ၉/မနမ(နိုင်)၀၅၅၆၅၁ တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၅၈၃၄/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးလှဝင်း ၁၂/မဂတ(နိုင်)၀၄၈၉၀၈ ကဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာ ချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ပြည်မြို့၊ ခေတ္တရာမြို့သစ်၊ အနောက်မြို့ပတ်(၁၃)လမ်းနေ ဒေါ်ဆုဝတီ ၇/ပမန(နိုင်)၁၉၃၃၅၇၏ ဖခင် ဦးလူဒင်(ခ) ဦးနူဒင်အမည်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ အထက (၁၈)၊ Grade-11 မှ မပေရယ်လှိုင်၏ ဖခင်အမည်မှန်မှာ ဦးဖြိုးဝေလှိုင် ၃/ဘလန(နိုင်)၁၃၆၂၆၃ ဖြစ်ပါကြောင်း။

**ဦးဖြိုးဝေလှိုင်**

### ဖခင်အမည်မှန်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်နေ ဦးသန်းစိန် ကိုယ်ပိုင်အထက်တန်းကျောင်း Grade-8 မှ မစုလှိုင်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးတင်နိုင်မိုး ၈/ပခက(နိုင်)၁၇၈၉၉၆ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ဟုမ္မလင်းမြို့နယ်၊ အထက စေတီဆိပ်ကျောင်းမှ မောင်ကျော်မိုးနိုင် G.7၊ မရွှေရွှေဥ G.6၊ မသန်းရင် G.5၊ မောင်ကျော်သန်းထွေး G.3 တို့၏ ဖခင်အမည်မှန်မှာ ဦးဒေါင်းစိန် ၅/ကနန(နိုင်)၀၅၈၈၉၀ ဖြစ်ကြောင်း။

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY / 9506, Honda Click 150 M/C ယာဉ်လက်ဝယ်ရှိသူ ဦးချမ်းမြေ့အောင် ၁၄/လမန(နိုင်)၀၈၄၂၅၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် AYY/9506, Honda Click 150, M/C ယာဉ်လက်ဝယ်ရှိသူ ဦးချမ်းမြေ့အောင် ၁၄/လမန(နိုင်)၀၈၄၂၅၄က ဖောင်းကြွနံပါတ်ပြားပျောက် လာရောက် လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြားအဟောင်းသည် အလိုအလျောက်ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**


## အက်ဖ်အေဖလားပြိုင်ပွဲ ပဉ္စမအဆင့်ယှဉ်ပြိုင် ဟာလန်း၏ သွင်းဂိုးများနှင့်အတူ လူတန်ကို မန်စီးတီးဂိုးပြတ်အနိုင်ရ



အက်ဖ်အေဖလားပြိုင်ပွဲ ပဉ္စမအဆင့်မှ လူတန်နှင့် မန်စီးတီးအသင်းပွဲစဉ်ကို ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၂ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ရာ မန်စီးတီးအသင်းက တိုက်စစ်ခြေစွမ်းပြကာ ခြောက်ဂိုး - နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် မန်စီးတီးအသင်းမှ အဓိက တိုက်စစ်ကစားသမား ဟာလန်း အထူးခြေစွမ်းပြသနိုင်ခဲ့ပြီး အသင်းအတွက် ငါးဂိုးအထိ သွင်းယူနိုင်ခဲ့သည်။ ဟာလန်းသည် မန်စီးတီးအသင်းအတွက် ၎င်း၏ ရှစ်ကြိမ်မြောက် ဟက်ထရစ်ကို ရယူနိုင်ခဲ့သည့်အပြင် နှစ်ကြိမ်မြောက် ငါးဂိုးသွင်းယူနိုင်သည့် ပထမဆုံးကစားသမားလည်း ဖြစ်လာခဲ့သည်။

၎င်း၏ပထမဆုံး ငါးဂိုးသွင်းယူနိုင်ခဲ့သည့်ပွဲစဉ်မှာ ၂၀၂၃ ခုနှစ် မတ်လက ချန်ပီယံလိဂ်ပြိုင်ပွဲ၌ လိုက်ပ်ဇစ်အသင်းအား အနိုင်ရရှိခဲ့သော ပွဲစဉ်ဖြစ်သည်။ လူတန်အသင်းသည် မန်စီးတီးအသင်းကို အကောင်းဆုံးတုံ့ပြန်ကစားနိုင်ခဲ့ပြီး သွင်းဂိုးနှစ်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း နိုင်ပွဲရသည်အထိ စွမ်းဆောင်နိုင်ခြင်း မရှိသည့်အတွက် ယခုနှစ် အက်ဖ်အေဖလားပြိုင်ပွဲကို ပဉ္စမအဆင့်ဖြင့်သာ ကျေနပ်ခဲ့ရခြင်းဖြစ်သည်။

မန်စီးတီးအသင်းအတွက် သွင်းဂိုးများကို ဟာလန်းနှင့် ကိုဗာဆစ် တို့က သွင်းယူပေးပြီး လူတန်အသင်းအတွက် သွင်းဂိုးများကို ကလာ့ခ်က သွင်းယူပေးနိုင်ခဲ့သည်။ အက်ဖ်အေဖလားပြိုင်ပွဲ ပဉ္စမအဆင့်မှ ဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့သော အခြားသော ပွဲစဉ်ရလဒ်များတွင် လက်စတာ က ဘုန်းမောက်ကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့သလို နယူးကာဆယ်အသင်းက ဘလက်ဘန်းအသင်းကို ပယ်နယ်တီအဆုံးအဖြတ်တွင် လေးဂိုး - သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**အောင်ဇော်**

### သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## နယ်စပ်ရေးရာဝန်ကြီးဌာန
## နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## ရုံးအမှတ်(၄၂) ၊နေပြည်တော်
## လျှောက်လွှာခေါ်ယူခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ပါရာထူးနေရာများတွင် ခန့်ထားရန် လျှောက်လွှာခေါ်ယူခြင်း ဖြစ်ပါသည်-

| စဉ် | ရာထူး | လစာနှုန်း | လစ်လပ်ဦးရေ |
|---|---|---|---|
| (က) | အငယ်တန်းအင်ဂျင်နီယာ(၃) | ၁၉၈,၀၀၀-၂,၀၀၀-၂၀၈,၀၀၀ | ၄ နေရာ |
| (ခ) | ပုံဆွဲ-၄ | ၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀ | ၅ နေရာ |
| (ဂ) | အငယ်တန်းစာရေး | ၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀ | ၅ နေရာ |
| (ဃ) | ယာဉ်မောင်းစက်ပြင်-၅ | ၁၆၂,၀၀၀-၂,၀၀၀-၁၇၂,၀၀၀ | ၃ နေရာ |
| (င) | ရုံးအကူ | ၁၄၄,၀၀၀-၂,၀၀၀-၁၅၄,၀၀၀ | ၅ နေရာ |
| | စုစုပေါင်း | | ၂၂ နေရာ |

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အိမ်ထောင်မရှိသူ အမျိုးသား၊ အမျိုးသမီး ဖြစ်ရမည်။

(ဂ) နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(ဃ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် အသက် ၃၅ နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

(င) ရွေးချယ်ခံရသူများသည် ဝန်ထမ်းတာဝန်အား အနည်းဆုံး ၅ နှစ် ထမ်းဆောင်ရမည်။

(စ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်(Dismissal)ခြင်း၊ ရာထူးမှ ထုတ်ပယ်(Removal)ခြင်း ၊ ရာထူးခန့်ထားခြင်း အမိန့်စာမှ ပယ်ဖျက်ခံရခြင်း စသည့် ပုဂ္ဂိုလ်များ လျှောက်ထားခွင့်မရှိပါ။

(ဆ) အငယ်တန်းအင်ဂျင်နီယာ-၃ ခန့်ထားရာ၌ ၎င်းရာထူးနေရာကို ကျောထောက်နောက်ခံပြု၍ အလုပ်သင်အဖြစ် ဦးစွာခန့်ထားပြီး လုပ်ငန်းဆောင်ရွက်မှုအား ကျေနပ်မှုရှိပါက အငယ်တန်းအင်ဂျင်နီယာ-၃ ရာထူးတွင် ဆက်လက်ခန့်ထားပါမည်။

၃။ ရာထူးအလိုက် ပညာအရည်အချင်း သတ်မှတ်ချက်နှင့် အသက်ကန့်သတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အငယ်တန်း အင်ဂျင်နီယာ(၃) - A.G.T.I / B.E ( Civil, Mech, Archi) ဘွဲ့ ရရှိပြီးသူများဖြစ်ရမည်။ (အသက် ၂၈ နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။)

(ခ) ပုံဆွဲ-၄ - တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ/ A.G.T.I ( Civil, Mech) ဖြစ်ရမည်။ (အသက် ၂၅ နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။)

(ဂ) အငယ်တန်းစာရေး - တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။ (အသက် ၂၆ နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။)

(ဃ) ယာဉ်မောင်းစက်ပြင်-၅ - ယာဉ်မောင်းလိုင်စင် (ခ) အဆင့်ရှိရမည်။ ယာဉ်မောင်းအတွေ့အကြုံ ၂ နှစ် ရှိသူဖြစ်ရမည်။ ( အသက် ၃၅ နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။)

(င) ရုံးအကူ - ပညာအရည်အချင်း အထက်တန်းအဆင့် ရှိရမည်။

၄။ လျှောက်ထားသူများသည် လျှောက်လွှာများကို နယ်စပ်ရေးရာဝန်ကြီးဌာန Website Page ဖြစ်သော www.moba.gov.mm တွင် ဖော်ပြထားသည့် လျှောက်လွှာပုံစံအား Download ဆွဲပြီး ဖြည့်စွက်ကာ ၂၀-၃-၂၀၂၄ ရက်နေ့ နောက်ဆုံးထား၍ moba.ntl95@gmail.com သို့ Online မှ ပေးပို့လျှောက်ထားရမည်ဖြစ်ပါသည်။

၅။ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ၂၀-၃-၂၀၂၄ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားရန်ဖြစ်ပါသည်။

၅။ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ၂၀-၃-၂၀၂၄ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားရန်ဖြစ်ပါသည်။

၆။ ဝန်ထမ်းမဟုတ်သူများသည် ဘွဲ့လက်မှတ်၊ ပညာအရည်အချင်းအတွက် ထောက်ခံချက်နှင့် သက်တမ်းရှိသော အလုပ်သမားမှတ်ပုံတင် မိတ္တူများနှင့်အတူ လျှောက်ထားရမည်။ (ဖြေဆို ခွင့်ကတ်ပြားထုတ်ယူချိန်တွင် မူရင်းတင်ပြရန်)။

၇။ သတ်မှတ်ရက်ထက်ကျော်လွန်သော/ စာရွက်စာတမ်းမပြည့်စုံသော လျှောက်လွှာများ၊ အရည်အချင်းသတ်မှတ်ချက်များနှင့် မကိုက်ညီသူများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ လျှောက်လွှာများအား စိစစ်ပြီး ဖြေဆိုခွင့်ရသူများစာရင်းအား ၂-၄-၂၀၂၄ ရက်နေ့တွင် www.moba.gov.mm Website Page၊ ရုံးအမှတ်(၄၂)၊ နတလဦးစီးဌာန(ရုံးချုပ်) နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးများရှိ ကြော်ငြာသင်ပုန်းတို့တွင် ထုတ်ပြန်ကြေညာပေးပါမည်။

၈။ ဖြေဆိုရမည့် ဘာသာရပ်များမှာ အငယ်တန်းစာရေးနေရာအတွက် အင်္ဂလိပ်စာ၊ မြန်မာစာ၊ အထွေထွေဗဟုသုတနှင့် ကွန်ပျူတာတို့ဖြစ်သည်။ အငယ်တန်းအင်ဂျင်နီယာ(၃)နှင့် ပုံဆွဲ-၄ ရာထူး လျှောက်ထားသူများအနေဖြင့် အထက်ပါ ဘာသာရပ်များအပြင် အင်ဂျင်နီယာဘာသာရပ် ကိုပါဖြေဆိုရမည်။ စာမေးပွဲကျင်းပမည့် နေ့ရက်၊ နေရာနှင့် အချိန်တို့ကို ဝန်ကြီးဌာန Website Page တွင် အချိန်မီကြိုတင်ကြေညာသွားပါမည်။ ရေးဖြေစာမေးပွဲ အောင်မြင်သူများသည် လူတွေ့စစ်ဆေးခြင်းနှင့် စိတ်ပိုင်းဆိုင်ရာစစ်ဆေးခြင်း ( Psycho Test ) တို့အား ဆက်လက် အစစ်ဆေးခံရပါမည်။

၉။ အသေးစိတ် အချက်အလက်များကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဖုန်းအမှတ်-၀၆၇၃-၄၀၉၃၅၅၊ ၀၆၇၃-၄၀၉၄၀၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

---

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
## ကြေညာချက်
## (ရက်စွဲ ၊ ၂၀၂၄ ခုနှစ် ၊ ဖေဖော်ဝါရီ လ ၂၉ ရက်)

ယာယီ

၁။ ၂၀၂၄ ခုနှစ် ၊ မတ်လ (၁) ရက်နေ့တွင် ကျင်းပမည့် အကြိမ် (၆၀) မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ထီလက်မှတ်များကို **" က " အက္ခရာမှ အစဉ်လိုက် " ဇ " အက္ခရာအထိ** စုစုပေါင်း အက္ခရာ (၈) လုံးအပေါ်မှ ၇၅% ကို ခွဲဝေရောင်းချရာတွင် ထီစာအုပ် (၄၉၀၉၁၂) အုပ်အား ရောင်းချနိုင်ခဲ့ပါသည်။

၂။ ထီလက်မှတ်များ ရောင်းချရငွေမှာ ကျပ် သန်း (**၄၉၀၉.၁၂၀**) ဖြစ်သဖြင့် ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ် သန်း ( **၃၄၃၆.၃၈၄**) ဖြစ်ပါသည်။

၃။ အဆိုပါ ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများနှင့် ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (**၂၅၀.၀၀၀**) ကို ပြန်လည်ချီးမြှင့်ပေးမည့် ထီဆုငွေတို့မှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

| | | | | |
|---|---|---|---|---|
| (က) | **အထူးဆုကြီး** | | | |
| (၁) | ကျပ်သိန်းငါးထောင် | = | (၁) | ဆု |
| (၂) | ကျပ်သိန်းနှစ်ထောင် | = | (၁) | ဆု |
| (၃) | ကျပ်သိန်းတစ်ထောင် | = | (၁) | ဆု |
| (ခ) | **ဆုတစ်ဆုချင်း** | | | |
| (၁) | ကျပ်သိန်းငါးရာ | = | ( ၂ ) | ဆု |
| (၂) | ကျပ်သိန်းနှစ်ရာ | = | ( ၂ ) | ဆု |
| (၃) | ကျပ်သိန်းတစ်ရာ | = | ( ၅ ) | ဆု |
| (၄) | ကျပ်သိန်းငါးဆယ် | = | (၈) | ဆု |
| (၅) | ကျပ်သိန်းနှစ်ဆယ် | = | (၁၂) | ဆု |
| (၆) | ကျပ်တစ်ဆယ်သိန်း | = | (၁၃) | ဆု |
| (ဂ) | **ဝေဝေဆာဆာပဒေသာဆု** | | | |
| (၁) | ကျပ်သုံးသိန်း | = | ( ၃၀ ) | ဆု |
| (၂) | ကျပ်နှစ်သိန်း | = | ( ၃၀၀) | ဆု |
| (၃) | ကျပ်တစ်သိန်း | = | ( ၃၀၀၀) | ဆု |
| (၄) | ကျပ်ငါးသောင်း | = | ( ၂၀၀၀၀) | ဆု |
| (၅) | ကျပ်တစ်သောင်း | = | (၁၀၀၀၀၀) | ဆု |
| (ဃ) | **ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း(၂၅၀.၀၀၀)မှ ချီးမြှင့်သည့်ဆု** | | | |
| (၁) | ကျပ် တစ်ဆယ်သိန်း | = | ( ၄ ) | ဆု |
| (၂) | ကျပ် သုံးသိန်း | = | ( ၂၀ ) | ဆု |
| (၃) | ကျပ် နှစ်သိန်း | = | ( ၂၀၀ ) | ဆု |
| (၄) | ကျပ် တစ်သိန်း | = | (၂၀၀၀) | ဆု |

**၄။ အကြိမ် (၆၀) မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီဖွင့်ပွဲကို ၂၀၂၄ ခုနှစ် ၊ မတ်လ (၁) ရက်နေ့တွင် သီးခြားခွဲ၍ ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။ ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီလက်မှတ်များကို (၂၈-၂-၂၀၂၄) ရက်နေ့ (၂၃း၅၉း၅၉) နာရီအချိန်အထိ ဆက်လက်ရောင်းချသွားမည်ဖြစ်ပြီး၊ အောင်ဘာလေအွန်လိုင်းသိန်းဆုထီလက်မှတ်များ၏ စုစုပေါင်းရောင်းရငွေအပေါ်မှ (၇၀) ရာခိုင်နှုန်းအား ဆုမဲအဖြစ် ပြန်လည်ခွဲဝေချီးမြှင့်သွားမည်ဖြစ်ပါသည်။**

၅။ အကြိမ် (၆၀) မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲကို (၁ - ၃ - ၂၀၂၄) ရက်နေ့ (သောကြာနေ့) ၊ နံနက်(၀၈:၀၀) နာရီအချိန်တွင်လည်းကောင်း ၊ အကြိမ် (၆၀) မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီဖွင့်ပွဲကို နံနက် (၁၀:၀၀) နာရီအချိန်တွင်လည်းကောင်း အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇) လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

---


### လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း

ကျွန်မ ဒေါ်မိုးမြင့်သူ ၅/ကလတ(နိုင်) ၁၄၁၃၄၂၏ ဖခင် ဦးကျန်ကိုဖူ (ခ)မောင်မြင့်၊ ကျန်ကောဖု(ခ) ဦးမောင်မြင့်၊ ဦးမောင်မြင့်နှင့် ဦးမောင်မြင့်(ခ) ကျန်ကောဖု (ခ) ကျင်ကိုဖူ သည် လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

### အမည်မှန်

ဦးနေထူးနှင့် နော်ယူအေးတို့၏သမီး မြိတ်မြို့၊ အထက(၁) Grade-8မှ နော်သက်သက်ထူး၏ အမည်မှန်မှာ ကျောင်းဝင်မှတ်ပုံတင်စာရင်းအရ နော်သဲသဲထူး ဖြစ်ပါကြောင်း။

**နော်သဲသဲထူး**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7N/6898 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မြိတ်)**

### သားအဖြစ်မှ အပြီးအပိုင် အမွေပြတ် စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ အောင်သုခရပ်ကွက်၊ အောင်သစ္စာလမ်း၊ အမှတ်(၄၃)နေ ဦးဖေသန်း (ကွယ်လွန်)နှင့် ဒေါ်မဝင်း ၁၀/မလမ (နိုင်) ၀၂၅၂၇၀ တို့၏သား ဖြစ်သူ ဦးစိုးမင်း ၆/မအရ(နိုင်) ၀၄၂၁၈၇သည် မိဘများ၏ ဆိုဆုံးမမှုအား မနာခံသည့်အပြင် ဖခင်ဖြစ်သူ နှင့် မိခင်ဖြစ်သူတို့အား မိဘသဖွယ်သတ်မှတ်ခြင်းမရှိဘဲ ဖခင်ဖြစ်သူအား အကြိမ်ကြိမ် အလီလီ စိတ်ဆင်းရဲအောင်ပြုလုပ်ဆောင်ရွက်ခဲ့ခြင်း၊ မိဘများ စိတ်ဆင်းရဲစေသော ကိစ္စရပ်များအား အကြိမ်ကြိမ်ပြုလုပ်နေခြင်းတို့ကြောင့် သားဖြစ်သူ ဦးစိုးမင်းအား ယနေ့မှစ၍ သားအဖြစ်မှ အပြီးအပိုင် အမွေ ပြတ်စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင်တွင်လည်း ၎င်းနှင့်ပတ်သက်သည့် ဖြစ်ပေါ်လာသည့် မည်သည့်ကိစ္စကိုမဆို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်မဝင်း**
၁၀/မလမ(နိုင်) ၀၂၅၂၇၀

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချိုချိုမြင့် တရားလွှတ်တော်ရှေ့နေ**
(စဉ်-၁၀၉၉၆)(၂၈-၇-၂၀၁၆)
ဇေယျာသီရိ(၂)ရပ်၊ မြိတ်မြို့၊
ဖုန်း-၀၉-၄၂၂၂၁၃၂၃၃

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

